ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံခြားစီးပွားကူးသန်းဆက်ဆံရေးဌာန၊ အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းဌာန၊ အမျိုးသားစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

မန္တလေးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒေသတွင်းဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အဆင့်(၂) ကြိုတင်ပြင်ဆင်မှုစစ်တမ်း

# နိဂုံးချုပ်အစီရင်ခံစာ (အကျဉ်းချုပ်)

ဇန်နဝါရီလ ၂၀၁၇ခုနှစ်

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ

ရာချီယို အင်ဂျင်းနီးယားရင်း ကုမ္ပဏီ လီမိတက်

အိုရီယန်တယ် ကွန်ဆဲလ်တင်း ဂလိုဘယ် ကုမ္ပဏီ လီမိတက်

| |
|---|
| 1R |
| JR |
| 17-011 |

# မာတိကာ


**၁။ စစ်တမ်းကောက်ယူသည့် နောက်ခံအကြောင်းအရာ.......................................................................................1**

၁.၁ နောက်ခံအကြောင်းအရာ.......................................................................................................................1

၁.၂ ရည်ရွယ်ချက်များ...................................................................................................................................2

၁.၃ ဂျပန်ယန်းချေးငွေစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ သိသာထင်ရှားသောအကျိုး သက်ရောက်မှုများ..........3

၁.၄ စီမံချက်အဆင့်(၂)၏ အဓိကအချက်များ.........................................................................................................3

**၂။ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် စီမံချက်အဆင့်(၂)၏မဟာဗျူဟာ.................................................4**

၂.၁ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရှုထောင့်မှမျက်မှောက်ကာလအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဖြစ်နိုင်ခြေ..............................4

၂.၂ ဂျပန်ယန်းချေးငွေစီမံချက်ရှုထောင့်မှမျက်မှောက်ကာလအခြေအနေနှင့် ပြုပြင်တိုးတက်ရေးမဟာဗျူဟာ.........................7

**၃။ စီမံချက်အဆင့်(၂)ဇကာတင်စာရင်း...........................................................................................................9**

၃.၁ စီမံချက်တွင်ပူးပေါင်းဆောင်ရွက်ပေးသည့်အဖွဲ့အစည်းများမှရရှိသောကနဦးစာရင်း.......................................................9

၃.၂ တန်ဖိုးသတ်မှတ်ခြင်းအမြင်........................................................... ....................................................10

၃.၃ ဇကာတင်ရွေးချယ်ခြင်း လုပ်ဆောင်ပုံ...........................................................................................................11

၃.၄ ဇကာတင်စီမံချက်ငယ်များ၏အကျဉ်းချုပ်........................................................................................................19

**၄။ ကဏ္ဍအလိုက် စီမံချက်ငယ်အကျဉ်းချုပ်.......................................................................................................32**

၄.၁ ကဏ္ဍအလိုက်စီမံချက်ငယ်အကျဉ်းချုပ်..........................................................................................................32

၄.၂ ဦးစားပေးစီမံချက်ငယ်ပြင်ဆင်မှုအခြေအနေ......................................................................................................35

**၅။ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအစီအစဉ်.......................................................................................41**

၅.၁ အကောင်အထည်ဖော်ခြင်းအချိန်ဇယား............................................................................................................41

၅.၂ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အစည်းများ...................................................................................................42

၅.၃ ဂယ်ယူရေးလုပ်ငန်းစဉ်.................................................................................................................................49

**၆။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့်လူမှုရေးဆိုင်ရာထည့်သွင်းစဉ်းစားချက်များ.........................................................50**

**၇။ ကဏ္ဍတစ်ခုချင်းစီ၏ စံဒီဇိုင်း၊ လုပ်ငန်းဆောင်ရွက်ရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးစီမံကိန်း [ဖြည့်စွက်ချက်].......51**

၇.၁ လမ်းနှင့်တံတားကဏ္ဍ....................................................................................................................................51

၇.၂ လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍ (ဓာတ်အားလိုင်းမှ).............................................................................................62

၇.၃ ရေပေးဝေရေးကဏ္ဍ........................................................................................................................................70


# ပုံစာရင်း


ပုံ ၃-၁ ကွဲပြားခြားနားသောတန်ဖိုးနှင့်စဉ်ဆက်မပြတ်တန်ဖိုးမှရရှိသောမူရင်းအချက်အလက်.......................................17

ပုံ ၃-၂ သုညနှင့်တစ်ကြားတန်ဖိုးများကိုဆက်တိုက်ဖြစ်အောင်ပြန်လည်ပြင်ဆင်ပေးခြင်း (အနီရောင်မျဉ်းဖြင့်ထင်ရှားအောင် ပြထားပါသည်)...........................................................................................................................17

ပုံ ၃-၃ စီမံချက်ငယ်များပေါင်းစည်းထားသည့်တည်နေရာပြမြေပုံ (နောက်ဆုံးရလဒ်)..................................................28

ပုံ ၃-၄ လမ်းနှင့်တံတားစီမံချက်ငယ်များတည်နေရာပြမြေပုံ (နောက်ဆုံးရလဒ်) 29

ပုံ ၃-၅ လျှပ်စစ်ဓါတ်အားလိုင်းစီမံချက်ငယ်များတည်နေရာပြမြေပုံ (နောက်ဆုံးရလဒ်) 30

ပုံ ၃-၆ ရေပေးဝေမှုစီမံချက်ငယ်များတည်နေရာပြမြေပုံ (နောက်ဆုံးရလဒ်) 31

ပုံ ၅-၁ အကောင်အထည်ဖော်ဆောင်ရေးဖွဲ့စည်းပုံ 43

ပုံ ၅-၂ လမ်းဦးစီးဌာန (DoH) ၏ O&M ဖွဲ့စည်းပုံ 44

ပုံ ၅-၃ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (ESE) ၏ O&M ဖွဲ့စည်းပုံ 45

ပုံ ၅-၄ မန္တလေးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း (MESC) ၏ O&M တည်ဆောက်ပုံ 45

ပုံ ၅-၅ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DRD) ၏ O&M ဖွဲ့စည်းပုံ 46

ပုံ ၇-၁ မြေညီဒေသရှိယေဘုယျလမ်းဖြတ်ပိုင်းပုံစံ (MoC - 05/ကတ္တရာလမ်း (DBST) - ၅.၅ မီတာ) 52

ပုံ ၇-၂ မြေညီဒေသရှိယေဘုယျလမ်းဖြတ်ပိုင်းပုံစံ 52

ပုံ ၇-၃ တောင်ထူထပ်သောဒေသရှိယေဘုယျလမ်းဖြတ်ပိုင်းပုံစံ 52

ပုံ ၇-၄ တောင်ထူထပ်သောဒေသရှိယေဘုယျလမ်းဖြတ်ပိုင်းပုံစံ 53

ပုံ ၇-၅ တောင်ထူထပ်သောဒေသရှိယေဘုယျလမ်းဖြတ်ပိုင်းပုံစံ (MoC – 22/ကတ္တရာလမ်း (DBST) အပေါ်လွှာ - ၅.၅ မီတာ) 53

ပုံ ၇-၆ ကွေ့အပိုင်းရှိမြင်ကွင်းအကွာအဝေး၏အခြေခံသဘောတရား 54

ပုံ ၇-၇ ကျောက်အင်္ဂတေမြေထိန်းနံရံနှင့်ရေမြောင်းစနစ်ရှိသောယေဘုယျလမ်းဖြတ်ပိုင်းပုံစံ 54

ပုံ ၇-၈ ပစ္စည်းစီမံခန့်ခွဲရေးအတွက်လုပ်ငန်းစဉ်အဆင့်ဆင့်ပြကားချပ် 55

ပုံ ၇-၉ ၃၃/၁၁ ကီလိုဗို့စံဓါတ်အားခွဲရုံအပြင်အဆင် 63

ပုံ ၇-၁၀ ၃၃ ကီလိုဗို့ဓါတ်အားပို့ဆောင်ရေးလိုင်းများအတွက်နမူနာဓါတ်တိုင်ဒီဇိုင်းများ 64

ပုံ ၇-၁၁ ၁၁ ကီလိုဗို့ဓါတ်အားပို့ဆောင်ရေးလိုင်းအတွက်နမူနာဓါတ်တိုင်ဒီဇိုင်းများ 65

ပုံ ၇-၁၂ ၀.၄ ကီလိုဗို့ဓါတ်အားဖြန့်ဖြူးရေးလိုင်းအတွက်နမူနာဓါတ်တိုင်ဒီဇိုင်းများ 66

ပုံ ၇-၁၃ ဓါတ်တိုင်ပေါ်တွင်တပ်ဆင်သောထရန်စဖေါ်မာများအတွက်ဓါတ်တိုင်တပ်ဆင်ခြင်းနမူနာများ 67

ပုံ ၇-၁၄ အမျိုးအစား ၁ အဝီစိတွင်း+ရေစုပ်စက်ဖြင့်ဖြန့်ဝေခြင်း 70

ပုံ ၇-၁၅ အမျိုးအစား ၂ အဝီစိတွင်း+ကျွန်မှာ့ဆွဲအားဖြင့်ဖြန့်ဝေခြင်း 70

ပုံ ၇-၁၆ အမျိုးအစား ၃ မြေပေါ်ရေ WTP+ရေစုပ်စက်ဖြင့်ဖြန့်ဝေခြင်း 71

ပုံ ၇-၁၇ အမျိုးအစား ၄ မြေပေါ်ရေ WTP+ကျွန်မှာ့ဆွဲအားဖြင့်ဖြန့်ဝေခြင်း 71

ပုံ ၇-၁၈ ရေသန့်စင်ရေးအဆောက်အဦး၏နမူနာပုံ 74

# ဇယားစာရင်း


ဇယား ၂-၁ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်အခြေခံအဆောက်အအုံပြင်ဆင်ထားရှိမှုနှင့်ဆင်းရဲနွမ်းပါးသူလူဦးရေ............5

ဇယား ၂-၂ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက်ဆင်းရဲနွမ်းပါးသူလူဦးရေ၊ အိမ်ထောင်စုဝင်ငွေနှင့်အလုပ်လက်မဲ့နှုန်း.............6

ဇယား ၂-၃ အကောင်အထည်ဖော်ဆောင်ရန်အတွက်လေ့လာသင်ယူပုံနှင့်ချဉ်းကပ်ပုံ..........7

ဇယား ၃-၁ နောက်ဆုံးကနဦးစာရင်းတွင်ဖော်ပြထားသည့်စီမံချက်ငယ်များ၏အရေအတွက် (၂၀၁၆ခုနှစ်မေလရှိစာရင်း)........9

ဇယား ၃-၂ တန်ဖိုးသတ်မှတ်ခြင်းအမြင်..........10

ဇယား ၃-၃ ဆင်းရဲနွမ်းပါးသူလူဦးရေပေါ်မူတည်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ JICAချေးငွေခွဲဝေချထားမှု ရည်ညွှန်းချက်..........13

ဇယား ၃-၄ စီမံချက်ငယ်ရွေးချယ်မှုစံနှုန်း/ညွှန်းကိန်း..........14

ဇယား ၃-၅ ပြည်နယ်နှင့်တိုင်းဒေသတစ်ခုချင်းစီ၏ကဏ္ဍအလိုက်တွက်ဆကိန်း..........18

ဇယား ၃-၆ ဇကာတင်ရွေးချယ်ထားသောစီမံချက်ငယ်အရေအတွက်စုစုပေါင်းရလဒ်..........19

ဇယား ၃-၇ လမ်းနှင့်တံတားကဏ္ဍအတွက်စီမံချက်ငယ်များအကျဉ်းချုပ်..........20

ဇယား ၃-၈ (လျှပ်စစ်ဓါတ်အားလိုင်းမှ) လျှပ်စစ်ဓါတ်အားထောက်ပံ့မှုကဏ္ဍ၏စီမံချက်ငယ်များအကျဉ်းချုပ်..........22

ဇယား ၃-၉ ရေပေးဝေရေးကဏ္ဍ၏စီမံချက်အနှစ်ချုပ်..........26

ဇယား ၄-၁ ကဏ္ဍအလိုက်စီမံချက်ငယ်အကျဉ်းချုပ်..........32

ဇယား ၄-၂ ဒေသတွင်းလမ်းနှင့်တံတားကဏ္ဍအတွက်ဦးစားပေးစီမံချက်ငယ်..........35

ဇယား ၄-၃ လမ်းနှင့်တံတားကဏ္ဍအတွက်ဦးစားပေးစီမံချက်ငယ်များလက်ရှိပြင်ဆင်မှုအခြေအနေ..........35

ဇယား ၄-၄ လျှပ်စစ်ဓါတ်အားထောက်ပံ့ရေး (လျှပ်စစ်ဓါတ်အားလိုင်း) ကဏ္ဍမှဦးစားပေးစီမံချက်ငယ်များ..........38

ဇယား ၄-၅ လျှပ်စစ်ဓါတ်အားထောက်ပံ့ရေး (လျှပ်စစ်ဓါတ်အားလိုင်း) ကဏ္ဍမှ ဦးစားပေးစီမံချက်ငယ်များ ပြင်ဆင်မှုအခြေ အနေ..........39

ဇယား ၄-၆ ရေပေးဝေမှုကဏ္ဍ၏ဦးစားပေးစီမံချက်ငယ်များပြင်ဆင်မှုအခြေအနေ..........40

ဇယား ၅-၁ အကောင်အထည်ဖော်ခြင်းအချိန်ဇယား..........42

ဇယား ၅-၂ စီမံချက်စီမံခန့်ခွဲရေးယူနစ် (PMU)နှင့်စီမံချက်ဗဟိုကော်မတီ (PSC) တို့၏လုပ်ငန်းဆောင်တာများနှင့် အဖွဲ့ဝင်များ..........46

ဇယား ၆-၁ မျှော်မှန်းသက်ရောက်ခံလူများ၊ သက်ရောက်ယူနစ်များ (PAUs)နှင့် မြေနေရာများ..........51

ဇယား ၆-၂ မြန်မာ EIA လုပ်ငန်းစဉ်အောက်ရှိ IEE နှင့်ဆက်နွယ်နေသောစီမံချက်ငယ်စာရင်း..........................................51

ဇယား ၇-၁ စစ်ဆေးခြင်းလုပ်ငန်း၏အဆိုပြုအမျိုးအစားခွဲခြင်း.......................................................................................56

ဇယား ၇-၂ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း..........................................................................................................60

ဇယား ၇-၃ အခြေခံလျှပ်စစ်ဒီဇိုင်းလိုအပ်ချက်များ.........................................................................................................68

ဇယား ၇-၄ အခြေခံစံနှုန်းသတ်မှတ်ချက်များ................................................................................................................68

ဇယား ၇-၅ အသုံးများသောစနစ်များ၏ဝိသေသလက္ခဏာများ..................................................................................71

ဇယား ၇-၆ ရေသန့်စင်ခြင်းနည်းစနစ်..........................................................................................................................72

ငွေလဲနှုန်း - ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက်
၁.၀၀ JPY = ၁၀.၈၅၃၄၁ MMK

# ၁။ စစ်တမ်းကောက်ယူသည့် နောက်ခံအကြောင်းအရာ

## ၁.၁ နောက်ခံအကြောင်းအရာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် (ဤနေရာမှစ၍ နောင်တွင် "မြန်မာ" ဟု ရည်ညွှန်းပါမည်) ၂၀၁၁ခုနှစ် ယခင်အစိုးရအုပ်ချုပ်ရေး စတင်တည်ထောင်ကတည်းကပင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို တက်ကြွစွာဆောင်ရွက်လျက်ရှိပါသည်။ ယင်းအသွင်ကူးပြောင်းရေးတွင် နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများအားတိုးချဲ့ခြင်း၊ ဒီမိုကရေစီစနစ်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းရေးသဘောတူညီချက်များ ပြုလုပ်ခြင်းနှင့် အခြားသောနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာများ ကျယ်ပြန့်စွာပါဝင်ပါသည်။ ဤအခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် ၂၀၁၅ခုနှစ်အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ၂၀၁၆ခုနှစ် မတ်လတွင် အစိုးရအသစ်အဖြစ် အာဏာလွှဲပြောင်းတာဝန်ယူခဲ့သည်။ နောင်မဝေးတော့သည့် အချိန်ကာလအတွင်း ဤအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်သည် ယခင်ကထက်ပင် ပိုမိုလျင်မြန်စွာ တိုးတက်လာမည်ဟု မျှော်လင့်ရပါသည်။ အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်၏ စိစစ်လေ့လာချက် အရ ၂၀၁၅ဘဏ္ဍာနှစ်တွင် မြန်မာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၇.၂% အထိတိုးတက်လာနိုင်သည်ဟု ခန့်မှန်းရပြီး မြန်မာ့စီးပွားရေးအခြေအနေသည်လည်းဆက်လက်ကောင်းမွန်နိုင်ခြေရှိသည်ဟု တွေ့ရှိရသည်။

အခြားတစ်ဖက်တွင်မူ မြန်မာနိုင်ငံသည် လူမှုရေးနှင့် စီးပွားရေးအခြေအနေများအရ "ဖွံ့ဖြိုးဆဲနိုင်ငံ" ဟုပင် သတ်မှတ်ခံထားရဆဲဖြစ်သည်။ ထို့အပြင် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် တိုးတက်လာမှု အနည်းအကျဉ်းရှိခဲ့သော်လည်း UNDP ၏အချက်အလက်များအရ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၁၀ခုနှစ်တွင် ၂၆%အထိ ရှိနေခဲ့သည်။ ယခင်အစိုးရအုပ်ချုပ်ရေးသည် မြို့ပြဒေသအတွက် အဓိကအခြေခံ အဆောက်အအုံအုတ်မြစ်ချခြင်းကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ကျေးလက်ဒေသများနှင့် ဆင်ခြေဖုံး ဒေသများကမူ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အများအပြား မရရှိခဲ့ကြပေ။ ထို့ကြောင့် ကျေးလက်ဒေသနှင့် ဆင်ခြေဖုံးဒေသတွင်း အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးသည် အချိန်အတော်ကြာ နှောင့်နှေးကြန့်ကြာနေပြီး ဤအချက်သည် နိုင်ငံအတွင်းရှိ ဒေသအလိုက် ဆင်းရဲနွမ်းပါးမှုနှုန်း ကွာဟခြင်းများကို ဆိုးရွားစွာဖြစ်ပေါ်စေခဲ့သည်။

ဤသို့သောအခြေအနေများကြားတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အဆင့်(၁)၏ ဂျပန်ယန်းချေးငွေ သဘောတူညီချက်ကို ၂၀၁၃ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းစီမံချက်အဆင့်(၁)သည် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ အတွက် များပြားတိုးပွားလျက်ရှိသော လိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြင့် နိုင်ငံတွင်း ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုမျှတမှုရှိစေရန် ရည်ရွယ်ပါသည်။ မျက်မှောက်ကာလတွင် အဆိုပါစီမံချက် အဆင့်(၁)သည် မြန်မာနိုင်ငံတဝှမ်းရှိ ဒေသများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ထိရောက်စွာ

ဆောင်ရွက်ပေးနေသည်ဟု ယူဆရသည်။ စီမံချက်အဆင့်(၁)၏ ကောင်းသော အကျိုးသက်ရောက်မှုများအရ မြန်မာအစိုးရသည် ဂျပန်အစိုးရထံမှ ဆက်လက်ထောက်ပံ့မှုများကို မျှော်လင့်လျက်ရှိပြီး ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အဆင့်(၂) အကောင်အထည်ဖော်ခြင်းကို တောင်းဆိုခဲ့သည်။ ထို့ကြောင့် ၂၀၁၅ခုနှစ် မတ်လတွင် ဂျပန်ယန်းချေးငွေ စီမံချက်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကြိုတင်ပြင်ဆင်မှုစစ်တမ်းကို နိုင်ငံတဝှမ်း ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်အားအခြေခံ၍ မြန်မာအစိုးရ၏ စဉ်ဆက်မပြတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်ကို ပြီးမြောက်စေရန်အလို့ငှာ ဂျပန်အစိုးရက သဘောတူညီခဲ့သည်။

၂၀၁၆ ခုနှစ် ဇူလိုင်လတွင် NLD ၏အစိုးရအသစ်သည် အဓိကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မူဝါဒကြီး ၁၂ရပ်ကို ကြေညာခဲ့သည်။ ယင်းမူဝါဒများအနက်မှ ပထမဦးစားပေး မူဝါဒမှာ "ပြည်နယ်နှင့်တိုင်းဒေသကြီးများတလွှား စဉ်ဆက်မပြတ် အရင်းအမြစ်ရွှေ့ပြောင်းခြင်းနှင့် ခွဲဝေခြင်းတို့ကို ဘက်ညီအောင်ဆောင်ရွက်ခြင်း" ပင်ဖြစ်သည်။ အဆိုပါမူဝါဒသည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကောင်းစွာကိုက်ညီမှုရှိပြီး၊ စီမံချက်အဆင့်(၂)သည် NLD ၏ အုပ်ချုပ်ရေးမူဝါဒအသစ်နှင့် လိုက်လျောညီထွေမှုရှိပါသည်။

## ၁.၂ ရည်ရွယ်ချက်များ

စီမံချက်အဆင့်(၂) ကြိုတင်ပြင်ဆင်မှုစစ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်၁၄ခုလုံးတွင် ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ပါဝင်အကျိုးပြုပေးနိုင်သော စီမံချက်ငယ်များကိုရွေးချယ်ဖော်ထုတ်ရန်ပင်ဖြစ်သည်။ စီမံချက်အဆင့်(၁)၏ အခြေခံဗျူဟာများကို လိုက်နာသည့်အနေဖြင့်ဤစီမံချက်ငယ်များတွင် ဆင်းရဲနွမ်းပါးသူများအား အကျိုးပြုနိုင်သည်ဟု မျှော်လင့်ရသော၊ လတ်တလောအရေးကြီးလိုအပ်ချက်များဖြစ်သည်ဟု ယူဆရသော ရှိနှင့်ပြီးသား အခြေခံလူမှုအဆောက်အအုံများ (လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိရေး အထောက်အပံ့များ) ကို ပြန်လည်မွမ်းမံခြင်း (သို့) အသစ်စတင်တည်ဆောက်ခြင်းများပါဝင်သွားမည်ဖြစ်သည်။ ရည်မှန်းထားသော ဒေသများမှာ - မြန်မာနိုင်ငံရှိ ပြည်နယ် (၇)ခု၊ တိုင်းဒေသကြီး (၇)ခုအပြင် ပြည်ထောင်စုနယ်မြေတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နယ်မြေ/တိုင်း (၆)ခုတို့ဖြစ်သည်။

JICA၏သုံးသပ်ရေးလုပ်ငန်းစဉ်တွင် အသုံးပြုနိုင်မည့် ဤစစ်တမ်း၏အဓိကအပိုင်းများမှာ - နောက်ခံအကြောင်းအရာ၊ စီမံချက်ငယ်များ၏ ရည်ရွယ်ချက်နှင့်အတိုင်းအတာ၊ စီမံချက်ငယ် တစ်ခုချင်းစီ၏ ရည်မှန်းဒေသများ၊ စီမံချက်၏လိုအပ်ချက်များ၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များနှင့် အခြားဆက်နွယ်နေသော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ပင် ဖြစ်သည်။

## ၁.၃ ဂျပန်ယန်းချေးငွေစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ သိသာထင်ရှားသော အကျိုးသက်ရောက်မှုများ

ဂျပန်ယန်းချေးငွေစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ထင်ရှားသောအကျိုးသက်ရောက်မှုများကို အောက်ပါအတိုင်း အကျဉ်းချုံး ဖော်ပြနိုင်ပါသည်။

- ဤစီမံချက်သည် ကြီးမားသော ဘဏ္ဍာရေးရာ လိုအပ်ချက်အားလည်းကောင်း၊ လတ်တလော အရေးတကြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် မြန်မာနိုင်ငံတဝှမ်းတွင် အခြေခံအဆောက်အအုံအရေးအတွက် အများအပြားကို တည်ဆောက်ခြင်းအား လည်းကောင်း ထိရောက်စွာ စွမ်းဆောင်နိုင်စွမ်းရှိသည်။

- ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေရရှိရန် (သို့) စျေးကွက်/ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများမှ ငွေကြေးထောက်ပံ့မှုရရှိရန်မှာ ခဲယဉ်းပြီး ကန့်သတ်ချက်များရှိနေသည့်အပြင် ဖွံ့ဖြိုးမှု အားနည်းသည့် စျေးကွက်နှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ၏ ဆုံးရှုံးနိုင်ခြေများသည် ဟူသည့်ယူဆချက်များကြောင့် ယင်းအချက်များသည် မြန်မာအစိုးရ၏ ရွေးချယ်မှုများတွင် အမြဲမပါဝင်ခဲ့ပေ။ ဤအခြေအနေတွင် ဂျပန်ယန်းချေးငွေစီမံချက်၏ စည်းကမ်းချက်နှင့် အခြေအနေများအရ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အသုံးပြုနိုင်မည့် ဂျပန်ယန်းချေးငွေစီမံချက်ကို ရွေးချယ်ရန်သည် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်နေပေသည်။

- ထို့အပြင် ဂျပန်ယန်းချေးငွေစီမံချက်မှ အတွေ့အကြုံရှိသော ကျွမ်းကျင်အကြံပေးများ၏ နည်းပညာဆိုင်ရာ ပံ့ပိုးမှုနှင့် လွှဲပြောင်းကူညီမှုများဖြင့် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စီမံချက်အကောင်အထည် ဖော်ဆောင်ရေး၊ လုပ်ငန်းလည်ပတ်ရေးနှင့် စီမံခန့်ခွဲရေး တို့တွင် ပါဝင်သောအစိုးရဝန်ထမ်းများနှင့် အင်ဂျင်နီယာများ၏ စွမ်းဆောင်ရည်သည်လည်း ဤစီမံချက်ကာလအတွင်းတွင် လက်တွေ့ကျကျ တိုးတက်လာနိုင်မည် ဖြစ်သည်။

- စီမံချက်များအား အမှတ်ပေးတန်ဖိုးသတ်မှတ်နိုင်ရန် နည်းလမ်းများသတ်မှတ်ပြီးနောက် စွမ်းဆောင်ရည်မြင့်မားသော ဆင်းရဲမှုလျော့ချရေးနှင့် အပြုသဘောဆောင်သည့် စီးပွားရေး အကျိုးသက်ရောက်မှုရှိသော စီမံချက်များအား လွယ်ကူသင့်တင့်စွာရွေးချယ်နိုင်မည်။

## ၁.၄ စီမံချက်အဆင့်(၂)၏ အဓိကအချက်များ

ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက် အကျိုးသက်ရောက်မှုများစွာရှိမည့် စီမံချက်များကို ရှာဖွေဖော်ထုတ်ရန် အလို့ငှာ စစ်တမ်းကောက်ယူသည့်အဖွဲ့သည် ဒေသခံပြည်သူများအတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ယင်းဒေသများတွင် စစ်တမ်းတစ်ခု ကောက်ယူခဲ့ကြသည်။ လေ့လာကောက်ယူချက်များ၏ ရလဒ်များအရ အကောင်အထည်ဖော် ဆောင်ရွက်ရန်ရွေးချယ်ထားသော

စီမံချက်ငယ်များသည် မျှော်မှန်းထားသော အကျိုးခံစားခွင့် ရရှိမည့်သူများ၏ ဦးစားပေးအခြေခံ အဆောက်အအုံလိုအပ်ချက်များနှင့် ကိုက်ညီလျက်ရှိသည်ကို ညွှန်ပြနေပေသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီအတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး အချိုးအရ ယင်းဒေသများ၏ ပထမဦးစားပေး လိုအပ်ချက်များနှင့်ကိုက်ညီသော ထိရောက်သည့်စီမံချက်ငယ်များ ရွေးချယ်ရေးအတွက် အရေးပါမှုမြောက်ဖော်ကိန်းကို ကဏ္ဍတစ်ခုချင်းစီအတွက် ချမှတ်ထားသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်ကို စီမံချက်ငယ်ရွေးချယ်ရေးအဆင့်တွင် ကိန်းဂဏန်းများဖြင့် ဝေဖန်သုံးသပ်ပြထားပါသည်။

## ၂။ မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် စီမံချက်အဆင့်(၂)၏ မဟာဗျူဟာ

### ၂.၁ ဆင်းရဲနွမ်းပါးမှုလျော့ချရေးရှုထောင့်မှ မျက်မှောက်ကာလအခြေအနေနှင့် ပြုပြင်ပြောင်းလဲမှုဖြစ်နိုင်ခြေ

#### ၂.၁.၁. ဆင်းရဲနွမ်းပါးသူလူဦးရေနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

ဇယား ၂-၁ တွင် ဖော်ပြထားသည့် စီမံချက်အဖွဲ့မှကောက်ယူရရှိထားသော အချက်အလက်များအရ မြန်မာနိုင်ငံတွင်လက်ရှိ ဆင်းရဲနွမ်းပါးမှု လူဦးရေသည် ၁၂ သန်း ဝန်းကျင်ခန့်ရှိနေသည်။ အထူးသဖြင့် မကွေး၊ မန္တလေး၊ ရခိုင်၊ ရှမ်းနှင့် ဧရာဝတီဒေသများတွင် ဆင်းရဲနွမ်းပါးသူ လူဦးရေသည် တစ်သန်းပင် ကျော်နေသည်။

အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုရှုထောင့်မှ နှိုင်းယှဉ်ကြည့်လျှင် ယင်းတိုင်းဒေသကြီးများနှင့် ပြည်နယ်များသည် နိုင်ငံတော်၏ ပျမ်းမျှနှုန်းထက် ကြိုတင်ပြင်ဆင်ထားမှု လွန်စွာနည်းပါးလျက်ရှိသည်။ ဥပမာ-မကွေးနှင့် ရခိုင်ဒေသများတွင် လျှပ်စစ်ဓါတ်အားရရှိရေးနှင့် ရေရရှိရေး၊ ဧရာဝတီဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးမှုနှင့် ရေရရှိရေးတို့ ဖြစ်သည်။ ထို့ကြောင့် ယင်းတို့ကဲ့သို့သော ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံချက်ငယ်များ လုပ်ဆောင်ရန် ရွေးချယ်သင့်သည်ဟု မျှော်မှန်းထားပါသည်။

# ဇယား၂-၁ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အခြေခံအဆောက်အအုံပြင်ဆင်ထားရှိမှုနှင့် ဆင်းရဲနွမ်းပါးသူ လူဦးရေ

| ပြည်နယ်နှင့် တိုင်းဒေသကြီး | လူဦးရေ အရေအတွက် (ဦး) (၂၀၁၄) | လူဦးရေ အရေအတွက် (ဦး) (၂၀၁၀) | ကျေးလက် ဒေသဆင်းရဲ နွမ်းပါးသူ လူဦးရေ (ဦး) (၂၀၁၀) | ပြည်နယ်နှင့် တိုင်းဒေသ ကြီးများ၏ ဆင်းရဲနွမ်းပါးမှု လူဦးရေ (ဦး) (၂၀၁၀) | ဆင်းရဲ နွမ်းပါးမှု နှုန်း (%) (၂၀၁၀) | လမ်းခင်း ထားမှု အချိုး (%) (၂၀၁၄) | လျှပ်စစ် ဓာတ်အား ရရှိမှုအချိုး (%) (၂၀၁၄) | ပိုက်ဆက် ရေရရှိမှု ပမာဏ အချိုး (%) (၂၀၁၄) |
|---|---|---|---|---|---|---|---|---|
| ကချင် | ၁,၆၄၂,၈၄၁ | ၉၈,၄၇၈ | ၃၁၂,၅၄၄ | ၄၁၂,၄၇၉ | ၂၈.၆ | ၂၅.၇ | ၃၀.၃ | ၅.၂ |
| ကယား | ၂၈၆,၆၂၇ | ၂,၀၂၀ | ၃၀,၉၀၃ | ၃၁,၆၂၇ | ၁၁.၄ | ၅၇.၅ | ၄၈.၆ | ၂၃.၀ |
| ကရင် | ၁,၅၀၄,၃၂၆ | ၃၉,၀၉၀ | ၂၀၉,၈၇၇ | ၂၄၉,၁၆၄ | ၁၇.၄ | ၄၉.၇ | ၂၆.၉ | ၄.၅ |
| ချင်း | ၄၇၈,၈၀၁ | ၄၃,၂၆၅ | ၃၁၄,၃၅၅ | ၃၄၈,၈၉၈ | ၇၃.၃ | ၂၉.၄ | ၁၅.၄ | ၆၈.၂ |
| စစ်ကိုင်း | ၅,၃၂၅,၃၄၇ | ၁၂၃,၉၁၂ | ၆၃၇,၅၇၁ | ၇၇၄,၉၄၁ | ၁၅.၁ | ၅၁.၄ | ၂၄.၂ | ၇.၅ |
| တနင်္သာရီ | ၁,၄၀၈,၄၀၁ | ၅၇,၄၃၈ | ၃၈၃,၀၇၂ | ၄၄၅,၁၄၂ | ၃၂.၆ | ၆၂.၉ | ၈.၀ | ၁၁.၀ |
| ပဲခူး | ၄,၈၆၇,၃၇၃ | ၁၅၅,၃၈၈ | ၇၃၃,၅၂၈ | ၈၈၇,၂၂၂ | ၁၈.၃ | ၈၀.၅ | ၂၇.၇ | ၁.၉ |
| မကွေး | ၃,၉၁၇,၀၅၅ | ၉၄,၈၂၁ | ၉၈၅,၁၀၄ | ၁,၁၀၅,၂၂၀ | ၂၇.၀ | ၈၀.၂ | ၂၂.၇ | ၇.၈ |
| မန္တလေး | ၆,၁၆၅,၇၂၃ | ၂၃၄,၅၉၉ | ၁,၂၉၄,၁၂၆ | ၁,၅၃၁,၉၃၆ | ၂၆.၆ | ၉၇.၁ | ၃၉.၄ | ၁၁.၂ |
| မွန် | ၂,၀၅၄,၃၉၃ | ၈၆,၈၀၆ | ၂၆၀,၄၀၅ | ၃၄၄,၇၇၉ | ၁၆.၃ | ၈၄.၈ | ၃၅.၇ | ၇.၆ |
| ရခိုင် | ၂,၀၉၈,၈၀၇ | ၁၁၁,၆၈၄ | ၁,၃၃၄,၀၉၈ | ၁,၄၀၁,၇၇၁ | ၄၃.၅ | ၅၆.၉ | ၁၂.၈ | ၄.၉ |
| ရန်ကုန် | ၇,၃၆၀,၇၀၃ | ၄၇၆,၄၃၉ | ၅၆၂,၀၂၃ | ၉၅၉,၈၇၅ | ၁၆.၁ | ၉၅.၅ | ၆၉.၃ | ၁၃.၃ |
| ရှမ်း | ၅,၈၂၄,၄၃၂ | ၁၄၇,၄၄၃ | ၁,၃၅၁,၄၆၄ | ၁,၄၈၇,၂၈၅ | ၃၃.၁ | ၅၃.၉ | ၃၃.၄ | ၂၀.၀ |
| ဧရာဝတီ | ၆,၁၈၄,၈၂၉ | ၁၇၈,၀၁၀ | ၁,၈၈၀,၂၂၇ | ၂,၀၃၄,၀၇၄ | ၃၂.၂ | ၂၅.၇ | ၃၀.၃ | ၅.၂ |
| နေပြည်တော် | ၁,၁၆၀,၂၄၂ | | | | | | | |
| စုစုပေါင်း | ၅၁,၄၈၆,၂၅၃ | ၁,၈၄၉,၃၉၅ | ၁၀,၂၈၉,၂၉၇ | ၁၂,၀၁၄,၄၁၁ | ၂၅.၆ | ၅၉.၇ | ၃၂.၄ | ၉.၀ |

ကိုးကားချက် - ၂၀၁၀ ခုနစ် လူဦးရေနှင့် ဆင်းရဲနွမ်းပါးမှုနှုန်းကို အခြေခံကာ အောက်ဖော်ပြပါ အချက်အလက်များကို အသုံးပြု၍ ဆင်းရဲနွမ်းပါးသူ လူဦးရေကို ကြိုတင်ပြင်ဆင်မှု စစ်တမ်းအဖွဲ့မှ တွက်ချက်ထားခြင်းဖြစ်ပါသည်။

- လူဦးရေအရေအတွက် (၂၀၁၄) - မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်စာရင်း / လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန
- ဆင်းရဲနွမ်းပါးသူ လူဦးရေတွက်ချက်ခြင်းအတွက် အခြေခံလူဦးရေအချက်အလက် (၂၀၁၀) - မြို့နယ်ကျန်းမာရေး မှတ်တမ်းအကျဉ်း ၂၀၁၁ (ကျန်းမာရေးစီမံကိန်းဌာန၊ ကျန်းမာရေးဝန်ကြီးဌာန)
- ဆင်းရဲနွမ်းပါးမှုနှုန်း (၂၀၁၀) - မြန်မာနိုင်ငံတွင်း စုပေါင်းအိမ်ထောင်စုနေထိုင်ရေးအခြေအနေစစ်တမ်း (၂၀၀၉-၂၀၁၀) ဆင်းရဲနွမ်းပါးမှု မှတ်တမ်းအကျဉ်း/ ၂၀၁၁ / IHLCA PROJECT TECHNICAL UNIT (UNDP) စသဖြင့်

  မှတ်ချက်* ၁။ မြို့ပြနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူ လူဦးရေများကိုပေါင်း၍ ဆင်းရဲနွမ်းပါးသူ လူဦးရေကို တွက်ချက်ပါသည်။
- လမ်းခင်းထားမှုအချိုး - ဆောက်လုပ်ရေးဝန်ကြီးဌာန
- လျှပ်စစ်ဓာတ်အားရရှိမှုအချိုး (ဓာတ်အားလိုင်းများသာ) - မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်းစာရင်း/၂၀၁၄ (ပြည်သူ့အင်အားဌာန၊ ယခင် နယ်စပ်ရေးရာနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)
- ပိုက်ဆက်ရေ ရရှိမှုပမာဏအချိုး - မြန်မာနိုင်ငံလူဦးရေနှင့် သန်းခေါင်စာရင်း/၂၀၁၄ (ပြည်သူ့အင်အားဌာန၊ ယခင် နယ်စပ်ရေးရာ နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)

## ၂.၁.၂ ဆင်းရဲနွမ်းပါးသူလူဦးရေနှင့် စီးပွားရေးအခြေအနေ

ယခင်အစီရင်ခံစာကဏ္ဍ ၂.၁.၁ နှင့်အတူ ဆင်းရဲနွမ်းပါးသူလူဦးရေမြင့်မားမှုအား မကွေး၊ မန္တလေး၊ ရခိုင်၊ ရှမ်း နှင့် ဧရာဝတီ စသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အိမ်ထောင်စုဝင်ငွေနှင့် အလုပ်လက်မဲ့နှုန်း ပေါ်မူတည်၍ စစ်တမ်းကောက်ယူခဲ့ပါသည်။
ရခိုင်ပြည်နယ်ရှိ အိမ်ထောင်စုများ၏တစ်လဝင်ငွေသည် နိုင်ငံတော်၏ပျမ်းမျှနှုန်းထက် နည်းပါးနေသည့်အပြင် နှစ်စဉ်အလုပ်လက်မဲ့နှုန်းမှာလည်း တစ်နိုင်ငံလုံးတွင် အမြင့်ဆုံးဖြစ်ကြောင်း ညွှန်ပြနေပါသည်။ မကွေးနှင့်ဧရာဝတီရှိ အိမ်ထောင်စုများ၏တစ်လဝင်ငွေသည် နိုင်ငံတော်၏ပျမ်းမျှနှုန်းထက် လျော့နည်းနေပါသည်။ အဆိုပါတိုင်းနှင့်ပြည်နယ်များတွင် စွမ်းအင်နှင့်ရေရရှိမှုဖြစ်သည့် အခြေခံထောက်ပံ့မှုများကို ဖြည့်ဆည်းပေးခြင်းဖြင့် အိမ်မှုကိစ္စများဖြစ်သည့် ရေခပ်ခြင်းနှင့်ထမင်းဟင်းချက်ရန်မီးမွှေးခြင်း စသည့်အချိန်များကိုလျှော့ချကာ အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်မည့် ဝင်ငွေတိုးစေမည့်လုပ်ငန်းများနှင့် စာပေသင်ကြားခြင်းပေါ်တွင် ပိုမို၍အချိန်ပေး နိုင်မည်ဖြစ်သည်။

### ဇယား ၂-၂ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆင်းရဲနွမ်းပါးသူလူဦးရေ၊ အိမ်ထောင်စုဝင်ငွေနှင့် အလုပ်လက်မဲ့နှုန်း

| ပြည်နယ်နှင့် တိုင်းဒေသကြီး | လူဦးရေ အရေအတွက် (ဦး) (၂၀၁၄) | လူဦးရေ အရေအတွက် (ဦး) (၂၀၁၀) | ကျေးလက် ဒေသဆင်းရဲနွမ်းပါးသူ လူဦးရေ (ဦး) (၂၀၁၀) | ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဆင်းရဲနွမ်းပါးသူ လူဦးရေ (ဦး) (၂၀၁၀) | ဆင်းရဲနွမ်းပါးမှုနှုန်း (%) (၂၀၁၀) | အိမ်ထောင်စု တစ်လဝင်ငွေ (ကျပ်) (၂၀၁၂) | အလုပ်လက်မဲ့နှုန်း (၁၅နှစ်နှင့်အထက်) (%) (၂၀၁၄) |
|---|---|---|---|---|---|---|---|
| ကချင် | ၁,၆၄၂,၈၄၁ | ၉၈,၄၇၈ | ၃၁၂,၅၄၄ | ၄၁၂,၄၇၉ | ၂၈.၆ | ၃၀၄,၇၀၈ | ၃.၇ |
| ကယား | ၂၈၆,၆၂၇ | ၂,၀၂၀ | ၃၀,၉၀၃ | ၃၁,၆၂၇ | ၁၁.၄ | ၂၃၇,၉၅၆ | ၂.၇ |
| ကရင် | ၁,၅၀၄,၃၂၆ | ၃၉,၀၉၀ | ၂၀၉,၈၇၇ | ၂၄၉,၁၆၄ | ၁၇.၄ | ၃၂၂,၅၁၇ | ၇.၅ |
| ချင်း | ၄၇၈,၈၀၁ | ၄၃,၂၆၅ | ၃၁၄,၃၅၅ | ၃၄၈,၈၉၈ | ၇၃.၃ | ၁၅၀,၈၄၄ | ၅.၄ |
| စစ်ကိုင်း | ၅,၃၂၅,၃၄၇ | ၁၂၃,၉၁၂ | ၆၃၇,၅၇၁ | ၇၇၄,၉၄၁ | ၁၅.၁ | ၂၂၃,၁၆၆ | ၃.၆ |
| တနင်္သာရီ | ၁,၄၀၈,၄၀၁ | ၅၇,၄၃၈ | ၃၈၃,၀၇၂ | ၄၄၅,၁၄၂ | ၃၂.၆ | ၃၂၆,၅၃၆ | ၄.၆ |
| ပဲခူး | ၄,၈၆၇,၃၇၃ | ၁၅၅,၁၈၈ | ၇၃၃,၅၂၈ | ၈၈၇,၂၂၂ | ၁၈.၃ | ၂၂၂,၉၇၀ | ၅.၁ |
| မကွေး | ၃,၉၁၇,၀၅၅ | ၉၄,၈၂၁ | ၉၈၅,၁၀၄ | ၁,၁၀၅,၂၂၀ | ၂၇.၀ | ၂၀၅,၁၈၅ | ၃.၃ |
| မန္တလေး | ၆,၁၆၅,၇၂၃ | ၂၃၄,၅၉၉ | ၁,၂၉၄,၁၂၆ | ၁,၅၃၁,၉၃၆ | ၂၆.၆ | ၃၁၈,၁၃၃ | ၃.၁ |
| မွန် | ၂,၀၅၄,၃၉၃ | ၈၆,၈၀၆ | ၂၆၀,၄၀၅ | ၃၄၄,၇၇၉ | ၁၆.၃ | ၂၉၈,၀၈၈ | ၆.၂ |
| ရခိုင် | ၂,၀၉၈,၈၀၇ | ၁၁၁,၆၈၄ | ၁,၃၃၄,၀၉၈ | ၁,၄၀၁,၇၇၁ | ၄၃.၅ | ၁၉၈,၆၅၁ | ၁၀.၄ |
| ရန်ကုန် | ၇,၃၆၀,၇၀၃ | ၄၇၆,၄၃၉ | ၅၆၂,၀၂၃ | ၉၅၉,၈၇၅ | ၁၆.၁ | ၃၂၈,၆၀၃ | ၄.၁ |
| ရှမ်း | ၅,၈၂၄,၄၃၂ | ၁၄၇,၄၄၃ | ၁,၃၅၁,၄၆၄ | ၁,၄၈၇,၂၈၅ | ၃၃.၁ | ၂၈၂,၄၅၀ | ၂.၀ |
| ဧရာဝတီ | ၆,၁၈၄,၈၂၉ | ၁၇၈,၀၁၀ | ၁,၈၈၀,၂၂၇ | ၂,၀၃၄,၀၇၄ | ၃၂.၂ | ၂၀၆,၁၁၄ | ၃.၄ |
| နေပြည်တော် | ၁,၁၆၀,၂၄၂ | | | | | | |
| စုစုပေါင်း | ၅၁,၄၈၆,၂၅၃ | ၁,၈၄၉,၃၉၅ | ၁၀,၂၈၉,၂၉၇ | ၁၂,၀၁၄,၄၁၁ | ၂၅.၆ | ၂၅၈,၀၆၁ | ၄.၀ |

ကိုးကားချက် -

- အိမ်ထောင်စုတစ်လဝင်ငွေ - အိမ်ထောင်စုဝင်ငွေနှင့်အသုံးစရိတ်စစ်တမ်း (၁၉၉၇ နှင့် ၂၀၁၂) / ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
- အလုပ်လက်မဲ့နှုန်း (၁၅နှစ်နှင့်အထက်) - ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်သန်းခေါင်စာရင်း / လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ၂.၂ ဂျပန်ယန်းချေးငွေစီမံချက်ရှုထောင့်မှ မျက်မှောက်ကာလအခြေအနေနှင့် ပြုပြင်တိုးတက်ရေးမဟာဗျူဟာ

စီမံချက်အဆင့်(၂)ကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်အဆင့်(၁)၏ အတွေ့အကြုံများမှ သင်ခန်းစာယူနိုင်ရန် အရေးကြီးပါသည်။ ယခင်အတွေ့အကြုံများ၊ ပြဿနာများမှ ဂျပန်ယန်းချေးငွေစီမံချက် အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်သော စီမံချက်အဆင့်(၂) အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေးအတွက် အောက်ပါအချက် (၅)ချက်ကို အသေးစိတ် လေ့လာဆန်းစစ်ထားပါသည်။ ၎င်းတို့မှာ - ကြိုတင်ပြင်ဆင်ရေးအဆင့်၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အကြံပေး ဝန်ဆောင်မှုများ၊ စီမံခန့်ခွဲရေးအဖွဲ့အစည်းနှင့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ ဖြစ်ပါသည်။

စီမံချက်အဆင့်(၁)နှင့် စီမံချက်အဆင့်(၂)တို့၏ အဓိကကွာခြားချက်များထဲမှ တစ်ခုမှာ FERD(နိုင်ငံခြား စီးပွားဆက်ဆံရေးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၏ တာဝန်နှင့်ရာထူးသည် စီမံခန့်ခွဲရေးထက် ပူးပေါင်းဆောင်ရွက်ရေး ဖြစ်လာခြင်းပင် ဖြစ်သည်။ မတူညီသော ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ (၃)ရပ်ကို တစ်ခုတည်း ပေါင်းစပ်ထားသည့် စီမံချက်တစ်ခုဖြစ်သောကြောင့် စီမံကိန်းပဲ့ကိုင်ကော်မတီ (PSC) နှင့် စီမံကိန်းစီမံခန့်ခွဲရေးယူနစ် (PMU) တို့၏ ဖွဲ့စည်းတည်ဆောက်ပုံသည် ခိုင်မာထိရောက်သော ပူးပေါင်း ဆောင်ရွက်မှုမျိုးလိုအပ်ပေသည်။ FERD သည် PMU နှင့် PSC တို့၏ အစည်းအဝေးများအား ညှိနှိုင်း ဆောင်ရွက်ပေးရသော်လည်း စီမံချက်အဆင့်(၁)မှ ရာထူးအတိုင်းဆက်လက်တည်ရှိသည်။ စီမံချက် အဆင့်(၁)မှ သင်ခန်းစာရရှိခဲ့သည် စီမံကိန်း ပြီးမြောက်မှုနှင့်စီမံခန့်ခွဲမှုတို့ကို ဇယား ၂-၃ တွင် သီးခြားဖော်ပြထားသည်။

### ဇယား ၂-၃ အကောင်အထည်ဖော်ဆောင်ရန်အတွက် လေ့လာသင်ယူပုံနှင့်ချဉ်းကပ်ပုံ

| အကြောင်းအရာ | လက်ရှိအခြေအနေ/<br>စီမံချက်အဆင့်(၁)မှရရှိခဲ့သည့်သင်ခန်းစာများ | စီမံချက်အဆင့်(၂)အတွက်တင်ပြချဉ်းကပ်ပုံ (*အခန်း၉၊ ၉.၃တွင်ကြည့်ပါ) |
|---|---|---|
| ကဏ္ဍဖြတ် စီမံခန့်ခွဲမှု | • စီမံချက်ငယ်သုံးခု၏ အကောင်အထည်ဖော်တည်ဆောက်မှုအား စီမံခန့်ခွဲရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ထိရောက်သည့်ပုံစံများ ချမှတ် ထားခြင်းမရှိပါ။ ဘဏ္ဍာရေး၊ အတွဲလိုက် ဈေးခေါ်ခြင်း၊ စာချုပ်များ၊ တည်ဆောက်ရေး အချိန်ဇယား၊ စီမံချက်ငယ်တစ်ခုစီ၏ တည်ထောင်ခြင်း နှင့် ရည်မှန်းချက်ပြီးမြောက်ခြင်း တို့ကို ကဏ္ဍအားလုံးတွင် စီမံခန့်ခွဲသည်။<br>• ပြီးမြောက်အောင်ဆောင်ရွက်ပေးသည့်ကိုယ်စားလှယ်များအားလုံးသည် ဝန်ပိုစေသည့် စီမံခန့်ခွဲမှုစရိတ်အားလုံးကို ဝေမျှကျခံသော်လည်း ကဏ္ဍများကြားတွင် မည်သို့မည်ပုံ ခွဲဝေမည် ဆိုသည့် တိကျသည့်စည်းမျဉ်းများ မရှိပါ။ | • FERD သည် စီမံချက်အဆင့်(၁)တွင် ပြီးမြောက်အောင် ဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သော်လည်း ယခုအခါ ညှိနှိုင်းဆောင်ရွက်ရေး ကိုယ်စားလှယ်ဖြစ်လာခဲ့သည်။ ထို့ကြောင့် FERD သည် စီမံချက်အဆင့်(၁) ဆောင်ရွက်စဉ်ကကဲ့သို့ပင် PMU နှင့် PSC တို့၏ ညှိနှိုင်း ဆောင်ရွက်မှုများအား တာဝန်ယူရသည်။ အခြားတစ်ဖက်တွင်လည်း စီမံချက်အဆင့်(၁) အတွက် FERDမှတာဝန်ယူထားသော အောက်ဖော်ပြပါ ကိစ္စရပ်များကို တာဝန်ယူပေးမည့် ပြီးမြောက်အောင် ဆောင်ရွက်ပေးသော ကိုယ်စား လှယ်(များ) ကို မရွေးချယ်ရသေးပါ။<br>(*စစ်တမ်း ပြင်ဆင်ပြီးသည့်နောက်တွင်လည်း C/P နှင့် ဆက်လက်ဆွေးနွေးမည်။)<br>– အတိုင်ပင်ခံဝန်ဆောင်မှုသဘောတူညီချက်အတွက် လိုအပ်သော လုပ်ငန်းစဉ်စီမံခန့်ခွဲမှု<br>– RDF (တောင်းခံလွှာထုတ်ပေးသည့်ပုံစံ) အတိုင်ပင်ခံဝန်ဆောင်မှုစာရွက်စာတမ်းများ၏ စီမံခန့်ခွဲမှု တင်ပြလွှာ<br>– RSPစီမံခန့်ခွဲမှုတင်ပြလွှာငွေစာရင်းစီမံခန့်ခွဲမှုစသည် |

| | | |
|---|---|---|
| PMU၏ အခန်းကဏ္ဍ (စီမံချက် စောင့်ကြည့်လေ့လာရေး အဖွဲ့) | • သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ဆောင်မှုကို ထိန်းချုပ်ခြင်းနှင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိပါ။<br>• PMU ၏ အခြေခံအခန်းကဏ္ဍမှာ အောက်ပါအတိုင်း ဖြစ်သည်<br>(၁) ယေဘူယျစီမံကိန်း စီမံခန့်ခွဲမှု<br>(၂) အတိုင်ပင်ခံ ပုဂ္ဂိုလ်များ နှင့် စီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်း/ စီမံခန့်ခွဲခြင်း<br>(၃) စီမံချက်ငယ်များအား စောင့်ကြည့်လေ့လာခြင်းနှင့် တန်ဖိုးဖြတ်ခြင်း<br>(၄) ဘဏ္ဍာရေးနှင့် ငွေပေးဝေရေး စီမံခန့်ခွဲမှု<br>(၅) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးတို့ကို ထည့်သွင်းစဉ်းစားခြင်း<br>(၆) PSC စီမံခန့်ခွဲမှု<br>(၇) သုံးလတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာနှင့် ပြီးမြောက်မှုအစီရင်ခံစာအား JICA ထံသို့ ပူးပေါင်း အစီရင်ခံခြင်း<br>(၈) စီမံချက်အသေးစိတ်စာရင်းနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | • လုပ်ငန်းပြီးမြောက်ချိန်မှစ၍ ထိန်းချုပ်နိုင်စွမ်းရှိသည့် အမြဲတမ်း စီမံခန့်ခွဲရေး ဝန်ထမ်းများကို ထားရှိခြင်း<br>• PMU ၏ အခြေခံအခန်းကဏ္ဍမှာ စီမံချက် အဆင့်(၁) အတိုင်းပင်ဖြစ်သည်။ သို့သော်လည်း "(၁) ယေဘုယျ စီမံကိန်း စီမံခန့်ခွဲမှု"တွင် ပိုမိုရှင်းလင်းပြတ်သားစွာ ပြုလုပ်ထားပါသည်။ အောက်ပါအချက်များအား ဥပမာအဖြစ် သတ်မှတ်ထားပါသည်။<br>· ထပ်တိုးလာသော စီမံချက်ငယ်များနှင့် ဖျက်သိမ်းထားသော စီမံချက်ငယ် အဆောက်အအုံအတွက် စစ်တမ်းကောက်ယူခြင်း အစရှိသဖြင့်<br>· လစဉ် PMU အစည်းအဝေးကျင်းပခြင်း<br>· အတွင်းဝန်ရုံး စီမံခန့်ခွဲမှုနှင့် ယေဘူယျ စီမံခန့်ခွဲမှုစရိတ် |
| PMU အတွင်းဝန်ရုံး | • FERD၏ဒါရိုက်တာသည်PMUအတွက် အထွေထွေ စီမံခန့်ခွဲမှုကိုတာဝန်ယူထား သော်လည်း အချိန်ပြည့် တာဝန်မယူပါ။ ဒုညွှန်ကြားရေးမှူးနှင့် ဒုလက်ထောက်တို့သည် စီမံခန့်ခွဲမှုအလုပ်များကို ကူညီလုပ်ကိုင်ပေးသည်။ | • PMU အတွင်းဝန်ရုံးနှင့် ခန့်အပ်ထားသည့် အမြဲတမ်းဝန်ထမ်းများ၏ သင့်တော်သော လုပ်ငန်းတာဝန်များအတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်မည်။ |
| PMU အစည်းအဝေး အကြိမ် | • PMU အား လစဉ်ကျင်းပသည်။<br>• ပထမပိုင်း အစည်းအဝေးများအား အချိန်မှန်မှန် နှင့် ထိရောက်စွာကျင်းပခဲ့ခြင်းမရှိပါ။ | • စီမံချက်အဆင့်(၁)၏ ကြိမ်ရေနှင့်အတူတူပင် ဖြစ်သည်။<br>• PMU အဖွဲ့ဝင်များ တက်ရောက်တာဝန်ယူနိုင်သည့် အပေါ်မူတည်၍ PMU ၏အစည်းအဝေး အချိန်ဇယားအား တစ်နှစ်စာအတွက် အတိအကျ သတ်မှတ်မည်။ |
| PMU လုပ်ငန်းစဉ် သဘောတူညီမှု | • FERD မှ JICA သို့ PMU သဘောတူညီချက်ကို စီမံချက်အစီရင်ခံစာ အခြေအနေပေါ်မူတည်၍ သုံးလတစ်ကြိမ် တင်သွင်းသည်။<br>• အကြိမ်ရေနည်းသည့်အတွက် အရေးကြီးကိစ္စရပ်များ ဖြေရှင်းရန် ခက်ခဲသည်။<br>• ဝန်ကြီးအဆင့် သဘောတူညီချက် ရရှိရန် ခက်ခဲသဖြင့် PMU အဖွဲ့ဝင်များ ဆုံးဖြတ်ချက် ချမှတ် ရန် မကြာခဏ ကြန့်ကြာလေ့ရှိသည်။ | • အချိန်နှင့်အမျှဖြစ်ပေါ်နေသောပြဿနာများနှင့် ပတ်သက်၍ တစ်လတစ်ခါ ကျင်းပသော PMU အစည်းအဝေးတွင် သဘောတူညီချက်များကို ချမှတ်မည်။<br>• ပြီးမြောက်အောင်ဆောင်ရွက်ပေးသည့်ကိုယ်စားလှယ်များ၏သဘောတူညီချက် ဖြစ်စဉ်များကို FERD မှ ထိန်းချုပ်ကာ အပြည့်အဝ ခေါင်းဆောင်မှုပေးမည်။ |
| PSC၏ကဏ္ဍ (စီမံချက် ကွပ်ကဲရေး ကော်မတီ) | • အချို့သော PSC ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို တိကျစွာ သတ်မှတ်ထားခြင်း မရှိဘဲ အချိန်အခါ ပေါ်လိုက်၍ PSC မှ ဆုံးဖြတ်ချက်များ ချမှတ်သည်။ | • စီမံချက်အဆင့်(၁) မှ PSC ၏ အခြေခံ တာဝန်ဝတ္တရားနှင့် တည်ဆောက်ပုံ အတိုင်း စီမံချက်အဆင့်(၂)တွင် ပိုမိုတိကျသော အဓိပ္ပာယ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်မည်။ |
| PSC အတွင်းဝန်ရုံး | • FERD ၏ဒါရိုက်တာသည်PMUအတွက်အထွေထွေစီမံခန့်ခွဲမှုကို တာဝန်ယူထားသော်လည်း အချိန်ပြည့် တာဝန်မယူပါ။ဒုညွှန်ကြားရေးမှူးနှင့်ဒုလက်ထောက်တို့သည်စီမံခန့်ခွဲမှုအလုပ်များကိုကူညီလုပ်ကိုင်ပေးသည်။ | • အမြဲတမ်း အတွင်းဝန်ရုံး နှင့် ဝန်ထမ်းများကို ခန့်အပ်ကာ PSC နှင့် PMU ကြားတွင် စီမံကိန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်ပေးမည်။ |

| | | |
|---|---|---|
| | • FERD မှ ဂျပန်အကူအညီပေးရေးအဖွဲ့သည် PSC နှင့် PMU ကြားတွင် တာဝန်ယူပေး သော်လည်း အကန့်အသတ် အချိန်ပိုင်းနှင့်သာ ဖြစ်သည်။ | • PSC ၏ ရုတ်တရက်လိုအပ်လာသော သတင်းအချက်အလက်များနှင့်ပတ်သက်၍ အတွင်းဝန်ရုံး မှ စီမံဆောင်ရွက်မည်။ |
| PSC အစည်းအဝေး အကြိမ် | • PSC နှင့် ပြည်တွင်းအစိုးရဘက်မှ တက်ရောက်သူများသည် တစ်နှစ်နှစ်ခါ ပုံမှန် အစည်းအဝေး ကျင်းပသော်လည်း အရေးပေါ် အခြေအနေများ အတွက် တုံ့ပြန်မှုမရှိခဲ့ပါ။<br>• JICAသည် PSC ဘက်မှ တက်ရောက် သူများအဖြစ် ပါဝင်ရန် တောင်းဆိုခဲ့ပါသည်။ | • PSC ၏ အရေးပေါ် ဖုန်းခေါ်ဆိုမှုများနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို စီမံချက်အဆင့်(၂) အကောင်အထည်ဖော် အတည်ပြုပြီးချိန်မှစ၍ စတင်ခဲ့သည်။ |
| PSC လုပ်ငန်းစဉ် ခွင့်ပြုချက် | • PSCအစည်းအဝေးများကို တစ်နှစ်နှစ်ခါ ကျင်းပ၍ခြောက်လတစ်ကြိမ်အတည်ပြု ပေးသည်။<br>• PSC ၏ အတည်ပြုချက် မသေချာမှုများသည် စီမံကိန်းနှောင့်နှေးကြန့်ကြာမှုများ၏ အဓိက အကြောင်းရင်းဖြစ်သည်။ | • စီမံချက်အဆင့်(၁) မှ PSC၏ အတည်ပြုချက် များအား စီမံကိန်းငယ်များနှင့် အစိတ်အပိုင်းငယ်များ အတွက် ပြောင်းလဲ ပြင်ဆင်မှုများ ထပ်တိုးကာ ပိုမို ကောင်းမွန်သော အခွင့်အလမ်းများရရှိအောင် ပြန်လည်လေ့လာခဲ့သည်။<br>• PSC မှ အရေးပေါ်အခြေအနေအတွက် စည်းမျဉ်းများ ချမှတ်ကာ ပိုမိုကောင်းမွန်စေခဲ့သည်။ |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

# ၃။ စီမံချက်အဆင့်(၂)ဇကာတင်စာရင်း

## ၃.၁ စီမံချက်တွင်ပူးပေါင်းဆောင်ရွက်ပေးသည့် အဖွဲ့အစည်းများမှရရှိသော ကနဦးစာရင်း

စီမံချက်ငယ်များ၏ ကဏ္ဍအခြေပြုကနဦးစာရင်းကို ၂၀၁၅ခုနှစ် စက်တင်ဘာလတွင် မြန်မာဘက်ရှိပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှ ဦးစွာတင်ပြခဲ့သည်။ သို့သော် ၂၀၁၅ခုနှစ် ဒီဇင်ဘာလ နှင့် ၂၀၁၆ခုနှစ် မေလကြားတွင် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများ၏ တောင်းဆိုမှုဖြင့် ထပ်တိုးလာသည့် စီမံချက်ငယ်များနှင့် ပယ်ဖျက်လိုက်သည့် စီမံချက်ငယ်များရှိသည့်အတွက် မူရင်းကနဦးစာရင်းအား ပြန်လည်ပြင်ဆင်ခဲ့သည်။ ၂၀၁၆ခုနှစ် မေလအကုန်ပိုင်းတွင်ရရှိသည့် နောက်ဆုံးကနဦးစာရင်းအား အောက်ပါဇယား ၃-၁ တွင်ဖော်ပြထားသည်။

**ဇယား ၃-၁ နောက်ဆုံးကနဦးစာရင်းတွင်ဖော်ပြထားသည့် စီမံချက်ငယ်များ၏အရေအတွက်**

**(၂၀၁၆ခုနှစ် မေလရှိစာရင်း)**

| ပြည်နယ်/ တိုင်းဒေသကြီး | လမ်းနှင့်တံတား | စွမ်းအင်အထောက်အပံ့ | | | ရေပေးဝေမှု |
|---|---|---|---|---|---|
| | | ဓါတ်အားလိုင်း | အခြားစွမ်းအင်အရင်းအမြစ် | | |
| | | | အိမ်သုံး နေစွမ်းအင်စနစ် | အသေးစား ရေစွမ်းအင်သုံးစနစ် | |
| ကချင် | ၁ | ၂ | | | |
| ကယား | ၂ | ၂ | | | |
| ကရင် | ၁ | ၄ | | | ၆ |

| | | | | | |
|---|---|---|---|---|---|
| ချင်း | ၁ | ၂ | ၄၁ (၄၅) | ၅(၁၂) | |
| စစ်ကိုင်း | ၁ | ၂၇ | ၁၄ (၁၃၇) | | |
| တနင်္သာရီ | | ၂ | | ၁(၃၆) | ၃ |
| ပဲခူး | ၁ | ၆ | ၁၇ (၂၉၉) | | ၃ |
| မကွေး | ၁ | ၃ | ၆ (၁၇၁) | | ၉ |
| မန္တလေး | ၃ | ၇ | ၁၀ (၁၀၉) | | ၂ |
| မွန် | ၂ | ၂ | ၄ (၁၀၈) | | ၄ |
| ရခိုင် | ၃ | ၂ | | | ၁ |
| ရန်ကုန် | ၂ | | ၂ (၁၇) | | |
| ရှမ်း | ၂ | ၉ | | ၆(၁၂) | ၁၁ |
| ဧရာဝတီ | ၁ | ၅ | | | ၁၀ |
| နေပြည်တော် | ၁ | | ၄ (၇၀) | | |
| စုစုပေါင်း | ၂၂ | ၇၃ | ၉၈(၉၅၆) | ၁၂(၆၀) | ၄၉ |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့မှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း အေဂျင်စီများမှပံ့ပိုးသည့်ကနဦးစာရင်းများကို အခြေခံ၍ပြင်ဆင်သည်။

မှတ်ချက် - အခြားစွမ်းအင်အရင်းအမြစ်ရှိ ကွင်းစကွင်းပိတ်များသည် ကျေးရွာအရေအတွက်ကိုညွှန်ပြသည်။

မှတ်ချက် - ဇယားတွင်ဖော်ပြထားသည့် အရေအတွက်များသည် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှပယ်ဖျက်ပြီး စီမံချက်ငယ်များမပါဝင်သည့် အရေအတွက်ကိုညွှန်ပြသည်။

မှတ်ချက် - အခြားစွမ်းအင်အရင်းအမြစ်ရှိအရေအတွက်များသည် မြို့နယ်အရေအတွက်ကိုညွှန်ပြ၍ ကွင်းစကွင်းပိတ်အတွင်းရှိ အရေအတွက်များကို ကျေးရွာအဖြစ်မှတ်ယူပါ။ အထက်ပါဇယားရှိ စုစုပေါင်းအရေအတွက်သည် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းများမှပယ်ဖျက်ပြီး စီမံချက်ငယ်များမပါဝင်သည့် အရေအတွက်ကိုညွှန်ပြသည်။

## ၃.၂ တန်ဖိုးသတ်မှတ်ခြင်းအမြင်

စီမံချက်အဆင့်(၂)တွင် စီမံချက်ငယ် တန်ဖိုးသတ်မှတ်ရေးအတွက် ရှုထောင့်(၄)ခုရှိပါသည် - (၁) လိုအပ်ချက် / အရေးပေါ်လိုအပ်ချက်၊ (၂) ရည်ရွယ်ချက်ခိုင်မာမှု၊ (၃) ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်နိုင်မှုနှင့် (၄) လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုတို့ ဖြစ်သည်။

### ဇယား ၃-၂ တန်ဖိုးသတ်မှတ်ခြင်းအမြင်

| အမြင် | ဖော်ပြချက် |
|---|---|
| လိုအပ်ချက်/ အရေးပေါ် လိုအပ်ချက် | တိုင်းနှင့်ပြည်နယ်အသီးသီးရှိဆင်းရဲမှုအနိမ့်အမြင့်အလိုက်လိုအပ်ချက်နှင့်အရေးပေါ်လိုအပ်ချက် မြင့်မားသည့်စီမံချက်ငယ်များကို အခြေခံလူသားလိုအပ်ချက်များအားဖြည့်ဆည်းပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး[1] စသည့်အချက်များပေါ်မူတည်၍တန်ဖိုးသတ်မှတ်ခဲ့သည်။ ၎င်းသည် ဆင်းရဲမှုလိုင်းတွင်တည်ရှိနေသောလူများ၏အသက်မွေးဝမ်းကြောင်းအလုပ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည်။ |

[1] ဝင်ငွေမရရှိမှုကြောင့် ဆင်းရဲခြင်းမဟုတ်ဟု JICA ၏ "ဆင်းရဲမှုလျှော့ချရေး လမ်းညွှန်ချက်ခေါင်းစဉ်"တွင် ဖော်ပြခဲ့သည်။ ဆင်းရဲမှုသတ်မှတ်ချက်ဆိုသည်မှာ နေ့စဉ်အခြေခံလူမှုဘဝစွမ်းဆောင်ချက်များကို ပိတ်ပင်ခြင်း (သို့) လူမှုပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးမှု ဖြစ်စဉ်တို့မှ ချန်လှပ်ထားခြင်း (ကျား/မခွဲခြားမှု အစရှိသည်တို့ပါဝင်သော) တို့ပေါင်းစပ်ပါဝင်သည်။ အဆိုပါအခြေအနေတွင် ကျား/မ မညီမျှမှုသည် စီမံချက်အဆင့်(၂)၏ အရေးကြီးသောရှုထောင့်တစ်ခုအဖြစ် စဉ်းစားသုံးသပ်နိုင်သည်။ ထို့ကြောင့် စီမံကိန်း အကောင်အထည်ဖော်နေစဉ်အတွင်း ကျား/မတန်းတူညီမျှမှုရှိရေးနှင့်ပတ်သက်၍လည်း စူးစမ်းရှာဖွေခဲ့ပါသည်။

| | |
|---|---|
| ရည်ရွယ်ချက် ခိုင်မာမှု | အမျိုးသားစီမံကိန်းများ သို့မဟုတ် မြန်မာအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့် ကိုက်ညီသော စီမံချက်ငယ်များကို တန်ဖိုးသတ်မှတ်ပါသည်။ |
| ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်နိုင်မှု | ကုန်ကျစရိတ်သက်သာစွာဆောင်ရွက်နိုင်မှု (စီးပွားရေးအရထိရောက်မှုရှိသောစီမံကိန်း) နှင့် စီးပွားရေးအရသင့်လျော်သော စီမံချက်ငယ်များကို တန်ဖိုးသတ်မှတ်ခဲ့သည်။ |
| လုပ်ငန်း အကောင်အထည် ဖော်နိုင်မှု | ဂျပန်ယန်းချေးငွေအစီအစဉ်အောက်တွင် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်သော၊ ထိန်းသိမ်းနိုင်သော၊ ဖြစ်နိုင်ချေရှိသော စီမံချက်ငယ်များကို တန်ဖိုးသတ်မှတ်ခဲ့သည်။ |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

## ၃.၃ ဇကာတင်ရွေးချယ်ခြင်းလုပ်ဆောင်ပုံ

### ၃.၃.၁. ဇကာတင်ရွေးချယ်ခြင်းအဆင့်များ

ဇကာတင်ရွေးချယ်ခြင်းလုပ်ဆောင်ပုံအား အောက်ပါအဆင့်သုံးဆင့်ဖြင့်ခွဲခြားထားပါသည် (အဆင့်၁ မှ အဆင့်၂)

**အဆင့် ၁ - စီမံချက်ငယ်များစိစစ်ရွေးချယ်ခြင်း**

သတ်မှတ်အခြေအနေ[2] သို့ သက်ရောက်သော စီမံချက်ငယ်ဟူသမျှသည် ဇကာတင်စာရင်းမှ ပယ်ဖျက်ခံရပါမည်။

**အဆင့် ၂ - စီမံချက်ငယ်များ စိစစ်ရွေးချယ်ခြင်း**

ပထမဦးဆုံးအနေဖြင့် အထက်ပါဇယား ၃-၁ ရှိ စိစစ်ရေးအညွှန်းကို အသုံးပြု၍ စီမံချက်ငယ် တစ်ခုချင်းစီကို အမှတ်ပေးပါမည်။ ထို့နောက် ရရှိလာသော ရမှတ်တစ်ခုချင်းစီကို ပြည်နယ်နှင့်တိုင်းဒေသကြီး

---

[2] စီမံချက်ငယ်များ ဇကာတင်ရွေးချယ်ခြင်းအတွက်သတ်မှတ်အခြေအနေများ

- ထောက်ပံ့ပြီးသားဖြစ်ခြင်း (သို့) အခြားနေရာများမှ ထောက်ပံ့ငွေရနိုင်ပြီးသားဖြစ်ခြင်း
- လုံခြုံရေးပြဿနာရှိသော နေရာဒေသများတွင်တည်ရှိခြင်း
- JICA၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်တွင် "A" အဆင့် သတ်မှတ်ထားခံရခြင်း
- လက်ရှိ ရှိနှင့်ပြီးသော အထောက်အပံ့ပစ္စည်းများ (သို့) ပစ္စည်းကိရိယာများသည် လတ်တလောလိုအပ်ချက် (ရေအားနှင့် လျှပ်စစ်ဓာတ်အား) များကို ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ယင်းကြောင့် အဆိုပြုစီမံချက်ငယ်ကို အကောင်အထည်ဖော်ရန် မလိုအပ်ခြင်း
- ကဏ္ဍတစ်ခုချင်းစီ၏ ဦးစားပေး စီမံကိန်းနှင့် မကိုက်ညီခြင်း
- ယန်းချေးငွေစီမံချက်အတွက် စီမံချက်အရွယ်အစား သေးငယ်လွန်းနေခြင်း (ဆောက်လုပ်ရေးကုန်ကျစရိတ် စုစုပေါင်း သည် ဂျပန်ယန်း ၁၀ သန်းအောက်)
- အဆိုပြုစီမံချက်အတွက် လိုအပ်သော မြေနေရာရယူရန်ခက်ခဲခြင်း
- ယန်းချေးငွေ ပြင်ဆင်ရေးအတွက် လိုအပ်သော သတင်းအချက်အလက် (လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အစီရင်ခံစာစသည်) မရှိခြင်း၊ မထောက်ပံ့ပေးနိုင်ခြင်း
- စံဒီဇိုင်းနှင့် စီမံချက်ကုန်ကျစရိတ်များမှာ ဤစီမံချက်၏ရည်ရွယ်ချက်အတွက် စဉ်းစားရန်မသင့်တော်ခြင်း (သတ်မှတ်ချက် သို့မဟုတ် ကုန်ကျစရိတ် အလွန်များပြားနေခြင်း)
- စီးပွားရေး အကျိုးအမြတ်မရရှိနိုင်ခြင်း

တစ်ခုချင်းစီ၏ ကဏ္ဍအလိုက် အရေးပါမှု မြှောက်ဖော်ကိန်းနှင့် မြှောက်ပါမည်။ ထိုမှတဆင့် အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနည်းပါးသော ကဏ္ဍများသည် ပိုမိုကြီးမားသော အရေးပါမှုကိန်းဂဏန်းကို ရရှိမည်ဖြစ်သည် (ဇယား ၃-၅)။ ရွေးချယ်ရမည့် စီမံချက်ငယ်အားလုံးကို ယင်းတို့၏ နောက်ဆုံး ရမှတ်အလိုက် အမြင့်ဆုံးမှအနိမ့်ဆုံးသို့ စီထားပါသည်။

**အဆင့် ၃ - စီမံချက်ငယ်များရွေးချယ်ခြင်း**

အဆင့်(၃)တွင် "JICA ၏ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီအတွက် ချေးငွေခွဲဝေချထားမှု ရည်ညွှန်းချက်" (ဇယား ၃-၃) အရ အထက်ဖော်ပြပါ အဆင့်အလိုက် စီစဉ်ထားမှုတွင် ထိပ်ဆုံး၌ရှိသော၊ ဘဏ္ဍာစရိတ်[3] ဂျပန်ယန်း ၁၅ဘီလီယံ မပြည့်သည့် စီမံချက်ငယ်များကို ရွေးချယ်ပါသည်။
ရွေးချယ်ခြင်း ပထမအဆင့်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုစီအတွက် အမြင့်ဆုံး ကန့်သတ်ချက်ဖြစ်သော "ခွဲဝေချထားမှုရည်ညွှန်းချက်"ပမာဏရှိသည့် စီမံချက်ငယ်များကို စာရင်း၏ထိပ်ဆုံးမှစ၍ ရွေးချယ်ပါသည်။ (သတ်မှတ်စီမံချက်ငယ်တစ်ခုကို ရွေးချယ်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုစီ၏ သတ်မှတ်ကုန်ကျစရိတ် စုစုပေါင်းသည် ဤစရိတ်အကန့်အသတ်ကို ကျော်လွန်သွားပါက ယင်းစီမံချက်ငယ် အစား အဆင့်ကပ်လျက်ရှိသော အခြားစီမံချက်ငယ်တစ်ခုကို ဦးစားပေးရွေးချယ်ပါမည်။) ဤနည်းလမ်း အတိုင်း ရွေးချယ်ခြင်းဖြင့် အောက်ပိုင်းသို့ရောက်လျှင် ဒုတိယအဆင့်အနေနှင့် ကျန်ရှိနေသေးသော စီမံချက်ငယ်များကို ပြည်နယ်နှင့်တိုင်းတစ်ခုစီအတွက် ဂျပန်ယန်း ၂ဘီလီယံ အများဆုံးထား၍ ထိပ်ဆုံးမှစတင် ရွေးချယ်ပါသည်။
စီမံချက်အဆင့်(၂)သည် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ဆင်းရဲနွမ်းပါးမှုကွာဟချက်ကို လျှော့ချရန် ရည်ရွယ်ပါသည်။ အဆင့်စီစဉ်ခြင်းနှင့် ဇကာတင်ရွေးချယ်ခြင်းလုပ်ငန်းစဉ်တို့တွင် ယန်းချေးငွေပမာဏ သင့်တင့်မျှတစွာရရှိစေရန် ပြည်နယ်နှင့်တိုင်းဒေသကြီးများအကြား ဘက်ညီစီမံချက်ငယ်များ ရွေးချယ်ခြင်းကို လိုအပ်သော ဆင်းရဲနွမ်းပါးသူလူဦးရေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားထားပါသည်။

### ၃.၃.၂. ဆင်းရဲနွမ်းပါးသူလူဦးရေပေါ်မူတည်၍ JICA ချေးငွေခွဲဝေချထားမှုရည်ညွှန်းချက်

ကဏ္ဍ ၃.၂.၂.၁ "ဇကာတင်ရွေးချယ်သည့်အဆင့်များ" တွင် ဖော်ပြထားသည့်အတိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၏ ယန်းချေးငွေခွဲဝေချထားမှု အချိုးအစားမှာ ဆင်းရဲနွမ်းပါးသူလူဦးရေ ပေါ်မူတည်၍ တွက်ချက်ထားပြီး၊ အောက်ပါဇယား ၃-၃တွင် ပြထားပါသည်။

[3] သို့သော် ဤကုန်ကျစရိတ်တွင် အမှန်တကယ် ဆောက်လုပ်ရေးကုန်ကျစရိတ်သာပါဝင်ပြီး အကြံပေးဝန်ဆောင်ခများ၊ အရေးပေါ် နှင့် အခြားသော အထွေထွေကုန်ကျစရိတ်များမပါဝင်ပါ။

## ဇယား ၃-၃ ဆင်းရဲနွမ်းပါးသူလူဦးရေပေါ်မူတည်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ JICA ချေးငွေ ခွဲဝေချထားမှု[4] ရည်ညွှန်းချက် (စုစုပေါင်းစီမံကိန်းကုန်ကျစရိတ် - ဂျပန်ယန်း ၁၅ ဘီလီယံ)

| ပြည်နယ်/<br>တိုင်းဒေသကြီး | လူဦးရေ<br>*1 | ဆင်းရဲမှုနှုန်း<br>*2 | ဆင်းရဲနွမ်းပါးသူ<br>လူဦးရေ<br>*3 | ဆင်းရဲနွမ်းပါးသူ<br>လူဦးရေ<br>သွေဖည်တန်ဖိုး | ဆင်းရဲနွမ်းပါးသူ လူဦးရေ<br>မြှောက်ဖော်ကိန်း |
|---|---|---|---|---|---|
| | A | B | A×B | C | D |
| ကချင် | ၁,၆၄၂,၈၄၁ | ၂၈.၆% | ၄၆၉,၈၅၃ | ၄၃.၄ | ၀.၀၆၂၀၄ |
| ကယား | ၂၈၆,၆၂၇ | ၁၁.၄% | ၃၂,၆၇၅ | ၃၆.၄ | ၀.၀၅၂၀၄ |
| ကရင် | ၁,၅၀၄,၃၂၆ | ၁၇.၄% | ၂၆၁,၇၅၃ | ၄၀.၁ | ၀.၀၅၇၂၈ |
| ချင်း | ၄၇၈,၈၀၁ | ၇၃.၃% | ၃၅၀,၉၆၁ | ၄၁.၅ | ၀.၀၅၉၃၂ |
| စစ်ကိုင်း | ၅,၃၂၅,၃၄၇ | ၁၅.၁% | ၈၀၄,၁၂၇ | ၄၈.၈ | ၀.၀၆၉၆၉ |
| တနင်္သာရီ | ၁,၄၀၈,၄၀၁ | ၃၂.၆% | ၄၅၉,၁၃၉ | ၄၃.၃ | ၀.၀၆၁၈ |
| ပဲခူး | ၄,၈၆၇,၃၇၃ | ၁၈.၃% | ၈၉၀,၇၂၉ | ၅၀.၂ | ၀.၀၇၁၆၈ |
| မကွေး | ၃,၉၁၇,၀၅၅ | ၂၇.၀% | ၁,၀၅၇,၆၀၅ | ၅၂.၈ | ၀.၀၇၅၄၉ |
| မန္တလေး | ၆,၁၆၅,၇၂၃ | ၂၆.၆% | ၁,၆၄၀,၀၈၂ | ၆၂.၂ | ၀.၀၈၈၂ |
| မွန် | ၂,၀၅၄,၃၉၃ | ၁၆.၃% | ၃၃၄,၈၆၆ | ၄၁.၃ | ၀.၀၅၈၉၅ |
| ရခိုင် | ၂,၀၉၈,၈၀၇ | ၄၃.၅% | ၉၁၂,၉၈၁ | ၅၀.၅ | ၀.၀၇၂၁၈ |
| ရန်ကုန် | ၇,၃၆၀,၇၀၃ | ၁၆.၁% | ၁,၁၈၅,၀၇၃ | ၅၄.၉ | ၀.၀၇၈၄၁ |
| ရှမ်း | ၅,၈၂၄,၄၃၂ | ၃၃.၁% | ၁,၉၂၇,၈၈၇ | ၆၆.၈ | ၀.၀၉၅၄၁ |
| ဧရာဝတီ | ၆,၁၈၄,၈၂၉ | ၃၂.၂% | ၁,၉၉၁,၅၁၅ | ၆၇.၈ | ၀.၀၉၆၈၇ |
| စုစုပေါင်း | ၅၀,၂၇၉,၉၀၀ | ၂၅.၆% | ၁၂,၆၁၆,၂၆၉ | ၇၅၀.၀ | ၁.၀၀၀၀၀ |

*1 ကိုးကားချက် - ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ထောင်စုစာရင်း

*2 မြန်မာနိုင်ငံတွင်း စုပေါင်းအိမ်ထောင်စုနေထိုင်ရေးအခြေအနေစစ်တမ်း (၂၀၀၉-၂၀၁၀) ဆင်းရဲနွမ်းပါးမှုမှတ်တမ်းအကျဉ်း / ၂၀၁၁/ IHLCA PROJECT TECHNICAL UNIT (UNDP စသဖြင့်)

*3 ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် လူဦးရေကို မြှောက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသူလူဦးရေကို တွက်ချက်ထားပါသည်။

*4 လိုအပ်သည့်အချက်အလက် မရရှိသည့်အတွက် နေပြည်တော်နှင့်ပတ်သက်သည့်အချက်အလက်မပါဝင်ပါ။

[4] ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးအတွက် ခွဲဝေချထားမှုပမာဏကို အောက်ပါအဆင့်များဖြင့်တွက်ချက်ပါသည်။ ပထမဦးစွာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ဆင်းရဲနွမ်းပါးသူဦးရေကို သွေဖည်တန်ဖိုးများအဖြစ် ပြောင်းသည် (ဤနေရာတွင် သွေဖည်တန်ဖိုးဆိုသည်မှာ အတိုင်းအတာတန်ဖိုးတစ်ခုချင်းစီ၏ ပျမ်းမျှတန်ဖိုးနှင့်ကွာခြားနေသည့် ပမာဏကို ရည်ညွှန်းသည်)။ ထို့နောက် ရရှိလာသည့် သွေဖည်တန်ဖိုးမှတဆင့်တွက်ထုတ်ထားသော မြှောက်ဖော်ကိန်း ကိုအခြေခံ၍ စုစုပေါင်းကုန်ကျစရိတ် ဂျပန်ယန်း ၁၅ ဘီလီယံကို ဝေစုခွဲထားပါသည်။

ပကတိတန်ဖိုးကို အသုံးပြုပါက ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၏ အများဆုံးနှင့်အနည်းဆုံး ဘဏ္ဍာငွေကွာဟချက်မှာ အလွန်ကြီးမားသွားနိုင်သည့် အတွက် တွက်ချက်ရာတွင် ပကတိတန်ဖိုးအစား သွေဖည်တန်ဖိုးကို သုံးထားပါသည် (အနည်းဆုံးဘဏ္ဍာငွေများလာသည် နှင့်အမျှ အများဆုံးဘဏ္ဍာငွေမှာ အဆ၆၀ အထိ ဖြစ်သွားနိုင်သည်)။ သွေဖည်တန်ဖိုး တွက်ချက်ပုံ ပုံသေနည်းမှာ အောက်တွင် ဖော်ပြထားပါသည်။

သွေဖည်တန်ဖိုး (DVi) = ((x - xbar) / S)×10+50

ရည်ညွှန်း - DVi ; ပြည်နယ်/တိုင်းဒေသကြီး i ၏ သွေဖည်တန်ဖိုး

x ; IHLCA စစ်တမ်းတွင်ပြထားသော ပြည်နယ်/တိုင်းဒေသကြီး i ၏ ၂၀၁၀ခုနှစ်ရှိ ဆင်းရဲနွမ်းပါးသူလူဦးရေ

xbar ; ပြည်နယ်/တိုင်းဒေသကြီးများ၏ ပျမ်းမျှဆင်းရဲနွမ်းပါးသူလူဦးရေ

S ; အချက်အလက်၏ စံသွေဖည်မှု

သွေဖည်တန်ဖိုးသည် ပျမ်းမျှတန်ဖိုးမှ မူရင်းတန်ဖိုး သည်မည်မျှကွာနေသည်ကို ပြသည်။ မူလတန်ဖိုး ပေါ်မူတည်၍ ဆင်းရဲနွမ်းပါးသူလူဦးရေများလျှင် တန်ဖိုးသည် ၅၀ နှင့် ၁၀၀ကြားရှိပြီး၊ ဆင်းရဲ နွမ်းပါးသူ လူဦးရေနည်းလျှင် ၀ မှ ၅၀ကြားရှိသည်။ ဤစီမံကိန်းတွင် သွေဖည်တန်ဖိုးများကို ၀ နှင့် ၁ ကြား စံသတ်မှတ်ထားသည်။ သွေဖည်တန်ဖိုးတွက်နည်းသည် ကွဲပြားခြားနားသောညွှန်းကိန်းများကို နှိုင်းယှဉ်နိုင်သည့် အားသာချက်ရှိသည်။



### ၃.၃.၂.၁ ရွေးချယ်မှုစံနှုန်း

တန်ဖိုးသတ်မှတ်မှုအမြင် ၄မျိုး (①လိုအပ်ချက်/အရေးပေါ်လိုအပ်ချက်၊ ②ရည်ရွယ်ချက်ခိုင်မာမှု၊ ③ကုန်ကျစရိတ် သက်သာစွာဆောင်ရွက်နိုင်မှု၊ ④လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု) ကို ထင်ဟပ်နေသည့် စံနှုန်း တန်ဖိုးသတ်မှတ်မှု အချက်၄ချက်ကို ဇယား ၃-၄တွင်ပြထားပါသည်။ ဤစံနှုန်းများကို ကဏ္ဍအားလုံး၏ စီမံချက်ငယ်များအတွက် တန်ဖိုးသတ်မှတ်ရာတွင် အသုံးပြုပါသည်။ ဤစီမံကိန်း၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သော ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အခြေခံလူနေမှုလိုအပ်ချက်တို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည့် အတွက် အချက် ၄ချက်အနက် "①လိုအပ်ချက်/ အရေးပေါ်လိုအပ်ချက်" သည် အခြား ၃ချက်နှင့် နှိုင်းစာလျှင် အများဆုံးတန်ဖိုးသတ်မှတ်ခံရသည်။ ထို့ကြောင့် စံနှုန်း ① "လိုအပ်ချက်/အရေးပေါ်လိုအပ်ချက်" ၏ အရေးပါမှုအဆင့်သည် အမြင့်ဆုံးတွင်ရှိသည်။

**ဇယား ၃-၄ စီမံချက်ငယ် ရွေးချယ်မှုစံနှုန်း/ညွှန်းကိန်း**

| | ရွေးချယ်မှုစံနှုန်း | | | ရမှတ် | အရေးပါမှု |
|---|---|---|---|---|---|
| လိုအပ်ချက်/ အရေးပေါ် လိုအပ်ချက် | ဆင်းရဲနွမ်းပါးသူ လူဦးရေ | ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဆင်းရဲ နွမ်းပါးသူ လူဦးရေများသော စီမံချက်ငယ်များကို တန်ဖိုး သတ်မှတ် ပါသည်။ | | ၀~၁.၀၏ စဉ်ဆက်မပြတ် တန်ဖိုးများကို စံ အဖြစ်ထားသည် | ၄၀% |
| ရည်ရွယ်ချက် ခိုင်မာမှု | အမျိုးသား မူဝါဒနှင့် ကိုက်ညီမှု C/P ၏ ဦးစားပေးမှု | အမျိုးသားစီမံကိန်း၊ ပြည်နယ်/တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ (၅နှစ်စီမံကိန်း စသဖြင့်) သို့မဟုတ် မြန်မာအစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် လျော်ကန်သော စီမံချက်ငယ်များကို တန်ဖိုးသတ်မှတ်ပါသည်။<br>ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများမှ ဦးစားပေး သတ်မှတ်ထားသည့် စီမံချက်ငယ်များကိုလည်း တန်ဖိုးသတ်မှတ်ပါသည်။ | | | |
| | | အမျိုးသားမူဝါဒ | - (a) ၅နှစ်စီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ပါဝင်သော (b) ၂၀၁၆-၂၀၂၁ခုနှစ် အတွင်း အကောင်အထည်ဖော်ရန် စီစဉ် ထားသော (c) သက်ဆိုင်ရာ ဦးစားပေး စီမံကိန်းများ [5] တွင်စာရင်းသွင်းထားသော စီမံချက်ငယ်များ။ | ၁.၀ | ၂၀%<br><br>အမျိုးသားမူဝါဒ ×ati C/P၏လိုအပ်ချက် ×/P |
| | | | - ၅နှစ်စီမံကိန်း (၂၀၁၆-၂၀၂၁) တွင် ပါဝင်နိုင်ခြေများသော သို့မဟုတ် ၂၀၁၆-၂၀၂၁ခုနှစ် အတွင်း အကောင် အထည်ဖော်ရန် စီစဉ် ထားသော စီမံချက်ငယ်များ။ | ၀.၅ | |
| | | | - အထက်ပါဖော်ပြချက်များတွင် မပါဝင် သော စီမံချက်ငယ်များ။ | ၀.၀ | |

[5] MoC သည် လက်ရှိတွင် ၅နှစ်စီမံကိန်း၌ ထည့်သွင်းမည့် စီမံကိန်းများကို တန်ဖိုးသတ်မှတ်လျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ လမ်း/တံတားများအတွက် ရေတိုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ခြင်းတော့မရှိပါ။ ၎င်းအစား ဒေသတွင်းအစိုးရ၏ တောင်းဆိုချက်ကို အခြေခံသည့် နှစ်စဉ်စီမံကိန်းအတွဲများ နှင့် အလှူရှင်ရန်ပုံငွေများပါ ပါဝင်သည့် ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက် နေသည့် စီမံကိန်းများကိုသာ လက်ရှိတွင် ချမှတ်လျက်ရှိသည်။ အခြားတစ်ဘက်တွင်လည်း ဒေသတွင်း အဓိကလမ်းမကြီး နှင့် အဆင့်မြင့်လမ်းများမှာ MoC ၏ နှစ်၃၀စီမံကိန်း (ဦးစားပေးစီမံကိန်း) တွင် ထည့်သွင်းထားပြီးဖြစ်၍ တစ်ခုပြီးတစ်ခု အကောင်အထည် ဖော်သွားမည်ဖြစ်သည်။ ကနဦးစာရင်းတွင် ပါဝင်သော စီမံကိန်းငယ် ၂၂ ခုလုံးသည် ၂၀၁၆ခုနှစ်တွင် အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။

| | ရွေးချယ်မှုစံနှုန်း | | | ရမှတ် | အရေးပါမှု |
|---|---|---|---|---|---|
| | | C/P ၏ ဦးစားပေးမှု | - ဒေသတွင်းအစိုးရ၏ တောင်းဆိုချက် ပေါ်မူတည်၍ MoC မှ ပို၍ ဦးစားပေး ထားသော စီမံချက်ငယ် များ။ | ၁.၀<br>နှင့်<br>၀.၀ | |
| | | | - ဒေသတွင်းအစိုးရ၏ တောင်းဆိုချက် ပေါ်မူတည်၍ ESE မှ ပို၍ ဦးစားပေး ထားသော စီမံချက်ငယ်များ။ | ၁.၀<br>နှင့်<br>၀.၀ | |
| | | | - ဒေသတွင်းအစိုးရ၏ တောင်းဆိုချက် ပေါ်မူတည်၍ SDC သို့မဟုတ် RDC နှင့် TDC မှ ပို၍ဦးစားပေးထားသော စီမံချက် ငယ်များ။ | ၀~၁.၀၏<br>စဉ်ဆက်မပြတ်<br>တန်ဖိုးများကို စံ<br>အဖြစ်ထားသည်<br>(အဆင့်ပေါ်<br>အခြေခံသည်) | |
| ကုန်ကျစရိတ်သက်သာစွာ ဆောင်ရွက်နိုင်မှု | စီးပွားရေး<br>အကျိုးအမြတ်/<br>စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်ရေး<br>အကျိုးသက်<br>ရောက်မှု | စီးပွားရေးအရ ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်နိုင်မှုရှိသော စီမံချက်ငယ်များ (သို့) အကောင်အထည်ဖော်ဆောင်ရွက်ရန် စီးပွားရေးအကျိုး အမြတ် များများ ရရှိနိုင်သောစီမံချက်ငယ်များကို တန်ဖိုး သတ်မှတ် ပါသည်။<br>*လမ်းတံတား စီမံချက်ငယ်၏ အကျိုးအမြတ်ကို ခရီး သွားလာရေးကြာချိန်၊ ကုန်ကျစရိတ် လျှော့ချခြင်း [6] တို့နှင့် တွက်ချက်ပြီး စွမ်းအင် နှင့်ရေရရှိရေး ကဏ္ဍကိုမူ "ငွေကြေးပေးချေ သုံးစွဲချင်စိတ် [7] " အပေါ်မူတည်၍ တွက်ချက်ပါ သည်။ | | ၀~၁.၀၏<br>စဉ်ဆက်မပြတ်<br>တန်ဖိုးများကို စံ<br>အဖြစ်ထားသည် | ၂၀% |
| လုပ်ငန်းအကောင်အထည် ဖော်နိုင်မှု | ကောင်းမွန်စွာ<br>အကောင်<br>အထည်ဖော်<br>ဆောင်ရွက်ရေး၊<br>လုပ်ငန်းလည်ပတ်<br>ဆောင်ရွက်ရေး<br>နှင့် စီမံခန့်ခွဲရေး | အကောင်အထည်ဖော်ဆောင်ရွက်ရေး ရှုထောင့်မှ ကြည့်ပါလျှင် နည်းပညာ အခက်အခဲများနှင့် အကောင်အထည်ဖော်ဆောင်မည့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကို ထည့်သွင်းစဉ်းစားကာ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်သော စီမံချက် ငယ်များကို တန်ဖိုးသတ်မှတ်ပါသည်။<br>လုပ်ငန်းလည်ပတ်ဆောင်ရွက်ရေးနှင့် စီမံခန့်ခွဲရေးရှုထောင့်မှ ကြည့်ပါလျှင် နည်းပညာ အခက်အခဲ (လမ်းနှင့်တံတား) အနည်းအကျဉ်းသာ (သို့) လုံးဝမရှိသော စီမံချက်ငယ်များ သို့မဟုတ် သုံးစွဲခ ကောက်ခံခြင်းဖြင့် JICA၏ ချေးငွေပြန်ဆပ်နိုင်မည့် စီမံချက်ငယ်များ (စွမ်းအင်နှင့်ရေထောက်ပံ့ရေး)ကို ဝေဖန်သုံးသပ်ပါသည်။ | | | |
| | | လမ်းနှင့်တံတား | • အကောင်အထည်ဖော်ရာတွင် နည်းပညာဆိုင်ရာ ပြဿနာ(သို့) အကောင်အထည်ဖော်မည့် အဖွဲ့ အစည်း များ၏ စွမ်းရည်ပိုင်းဆိုင်ရာ ပြဿနာ လုံးဝမရှိသော စီမံချက် ငယ်များ<br>• အကောင်အထည်ဖော်ရာတွင် နည်းပညာ ပိုင်း အခက်အခဲ အနည်းငယ်ရှိသော စီမံချက်ငယ်များ(ဥပမာ။ မိုးရာသီတွင် လုပ်ဆောင်ရသည့် ဆောက်လုပ်ရေး လုပ်ငန်းနှင့် ဆောက်လုပ်ရေး နည်းပညာ များ) | ၁.၀<br>နှင့်<br>၀.၅ | ၂၀%<br><br>အကောင်အထည်<br>ဖော်ခြင်း<br>၅၀%<br>လုပ်ငန်းလည်ပတ်ရေး<br>နှင့်<br>စီမံခန့်ခွဲရေး<br>၅၀% |

[6] လမ်းနှင့်တံတားကဏ္ဍ၏စီးပွားရေးဆိုင်ရာအကျိုးအမြတ်အညွှန်းကိန်းအဖြစ်အသုံးပြုသောခရီးသွားလာရေးကြာချိန်နှင့်ကုန်ကျစရိတ်တို့လျှော့ချခြင်းဖြင့်ရရှိလာသောအကျိုးအမြတ်ကို International Roughness Index (IRI) ပေါ် အခြေခံ၍ တွက်ချက်ပါသည်။ ဤသည်မှာ လမ်းစီမံချက်သည် အဆိုပါအညွှန်းကိန်း၏အမျိုးအစား RI10 မှ IRI3 အထိ တိုးတက်ကောင်းမွန်လာအောင် ပြုလုပ်နိုင် လိမ့်မည်ဟူသော သဘောသက်ရောက်ပါသည်။ အဆိုပါအညွှန်းကိန်းကို မြန်မာနိုင်ငံရှိ ADB စီမံကိန်း (မအူပင်-ဖျာပုံလမ်း ပြန်လည်ပြုပြင်ရေး စီမံကိန်း) မှလည်း အတည်ပြုထားပါသည်။

[7] တတိယအကြိမ်ကွင်းဆင်းလေ့လာရေးကာလတွင် ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့မှ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးရှိ အိမ်ထောင်စု ၁၂၀ ကိုဦးတည်၍ အိမ်ထောင်စုစာရင်းကောက်ယူခဲ့ပါသည်။ စွမ်းအင်နှင့်ရေရရှိရေး ကဏ္ဍအတွက် ဒေသခံပြည်သူများမှ ငွေကြေးပေးချေသုံးစွဲချင်စိတ် ရလဒ်များကို အောက်တွင်ဖော်ပြထားပါသည်။

- စွမ်းအင်ထောက်ပံ့မှုအတွက် ငွေကြေးပေးချေသုံးစွဲချင်စိတ် - မိသားစုတစ်စုလျှင် ၅,၀၀၀ ကျပ်/တစ်လ
- ရေရရှိရေးအတွက် ငွေကြေးပေးချေသုံးစွဲချင်စိတ် - လူတစ်ဦးလျှင် ၇၅၈ ကျပ်/တစ်လ (ပျမ်းမျှတန်ဖိုး)

| | ရွေးချယ်မှုစံနှုန်း | | | ရမှတ် | အရေးပါမှု |
|---|---|---|---|---|---|
| | | | • လုပ်ငန်းလည်ပတ်ရေးနှင့် စီမံခန့်ခွဲရေးတွင် နည်းပညာပိုင်းဆိုင်ရာ ပြဿနာ (သို့)အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ၏ စွမ်းရည်ပိုင်း ဆိုင်ရာ ပြဿနာ လုံးဝမရှိသော စီမံချက်ငယ်များ<br>• လုပ်ငန်းလည်ပတ်ရေးနှင့် စီမံခန့်ခွဲရေးတွင် နည်းပညာပိုင်း အခက်အခဲ အနည်းငယ်ရှိသောစီမံချက်ငယ်များ (ဥပမာ။မိုးရာသီတွင် စက်ကိရိယာများ ဝယ်ယူစုဆောင်းခြင်း နှင့် တပ်ဆင်ခြင်း စသဖြင့်) | ၁.၀<br>နှင့်<br>၀.၅ | |
| | | စွမ်းအင်နှင့်ရေ ထောက်ပံ့မှု | အလားတူစီမံကိန်းမျိုးကို ချောမွေ့စွာ ဆောင်ရွက်ခဲ့ဖူးသောအကောင်အထည် ဖော်မည့်အဖွဲ့အစည်းများမှ အကောင် အထည်ဖော်မည့် စီမံချက်ငယ်များ | ESE ၁.၀<br>နှင့်<br>TDC ၀.၉[8] | |
| | | | အကောင်အထည်ဖော်ပြီးနောက်တွင် ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်မှုရှိနိုင်သော (သို့) ESE/TDC မှ JICA ချေးငွေကို ပြန်လည်ဆပ်နိုင်ရန် လုံလောက်သည့် စွမ်းရည်ရှိသော (အိမ် ထောင်စုဝင်ငွေ၊ မီတာခ၊ ရေခွန်၊ ထောက်ပံ့ကြေး စသဖြင့်) စီမံချက်ငယ် များ | FIRR(%)<br>၀~၁.၀၏<br>စဉ်ဆက်မပြတ်<br>တန်ဖိုးများကို စံ<br>အဖြစ်ထားသည် | |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

## ၃.၃.၂.၂ အမှတ်ပေးသည့်နည်းလမ်း

အခန်း ၃.၃.၂.၂ တွင်ဖော်ပြထားသည့် “အဆင့်၂ - အမှတ်ပေးခြင်းနှင့်အဆင့်သတ်မှတ်ခြင်း” ၏ အမှန်တကယ် အမှတ်ပေးသည့်နည်းလမ်းကို အောက်တွင်ဖော်ပြထားပါသည်။

**(၁) စံနှုန်းတန်ဖိုးသတ်မှတ်မှုအချက် ၄ချက်ဖြင့် အမှတ်ပေးခြင်း**

စီမံချက်ငယ်များကို အမှတ်ပေးရာတွင် အောက်ပါအဆင့်များ ပါဝင်ပါသည် -

①တန်ဖိုးသတ်မှတ်ရန် ရရှိလာသော စီမံချက်ငယ် အချက်အလက်များသည် မတူညီသော (သို့) စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသော တန်ဖိုးများ (ပုံ ၃-၁) ဖြစ်သည်။ အချက်အလက်များ၏ ကွဲပြားခြားနားသော အကြောင်းအရာများကို ကန့်လန့်ဖြတ်နှိုင်းယှဉ်နိုင်ရန် အောက်ပါပုံသေနည်း (ပုံ ၃-၂) ကိုသုံး၍ ၎င်းတို့ကြားရှိ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေသောတန်ဖိုးများကို သုည(၀) မှ တစ် (၁) အတွင်း စံအဖြစ်ထားသည်။

**စဉ်ဆက်မပြတ်တန်ဖိုး** = {X –Min(X1,X2･･･Xn) } / {Max (X1,X2･･･Xn) – Min(X1,X2･･･Xn) }

- Short-midterm O&M လုပ်ဆောင်မှုများ၊ရုံးခန်းများနှင့် သက်ဆိုင်သည့်ထောက်ပံ့မှုစာရင်းစစ်တမ်းများ အတွက် စံလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်စဉ်(SOP)အား O&Mထောက်ပံ့ငွေစနစ်တစ်ရပ်အဖြစ် တည်ထောင်ရန်
- O&M စင်တာများအား တိုင်း/ပြည်နယ် ဒေသတစ်ခုစီတွင် စက်ပစ္စည်းကိရိယာကုန်လှောင်ရုံနှင့် သင်တန်းကျောင်းများအဖြစ် တည်ထောင်ရန်
- အနာဂတ်တွင် ပုဂ္ဂလိကကဏ္ဍများသို့ အငှားချခြင်းအား စစ်ဆေးရန်




**ပုံ ၅-၂ လမ်းဦးစီးဌာန(DoH) ၏ O&M ဖွဲ့စည်းပုံ**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၅-၃ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (ESE) ၏ O&M ဖွဲ့စည်းပုံ**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၅-၄ မန္တလေးလျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (MESC) ၏ O&M တည်ဆောက်ပုံ**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၅-၅ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DRD) ၏ O&M ဖွဲ့စည်းပုံ**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

### ၅.၂.၃. PMU နှင့် PSC

**ဇယား ၅-၂ စီမံချက် စီမံခန့်ခွဲရေးယူနစ် (PMU) နှင့် စီမံချက်ဗဟိုကော်မတီ (PSC) တို့၏ လုပ်ငန်းဆောင်တာများနှင့် အဖွဲ့ဝင်များ**

| | PSC | PMU |
|---|---|---|
| လုပ်ငန်းဆောင်တာများ | • စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေး အတွက် အလုံးစုံတာဝန်ရှိသူ<br>• ပါဝင်သူအရေးကြီးပုဂ္ဂိုလ်များနှင့် ပူးပေါင်း ဆောင်ရွက်မှု<br>• စီမံချက်ငယ်များ၏ တိုးတက်မှုအခြေအနေကို စောင့်ကြည့်စစ်ဆေးခြင်း<br>• စီမံချက်ငယ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်အဆင့် မူဝါဒ အဟန့်အတားများ/ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ခြင်း<br>• PMU မှ အဆိုပြုလာသော ကုန်ကျစရိတ် ကျော်လွန်မှု အတိုင်းအတာများအတွက် အတည်ပြုပေးခြင်း (သို့)ဆုံးဖြတ်ချက်ချပေးခြင်း<br>• ၆ လပတ် - PSC အစည်းအဝေး | • အလုံးစုံ စီမံချက်စီမံခန့်ခွဲမှု<br>• အကြံပေးများနှင့်အတူ စီမံချက်ပူးပေါင်း ဆောင်ရွက်ခြင်း/ စီမံခန့်ခွဲခြင်း<br>• စီမံချက်ငယ်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဝေဖန်သုံးသပ်ခြင်း<br>• ဘဏ္ဍာရေးနှင့် ငွေချေခြင်းစီမံခန့်ခွဲမှု<br>• သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်း စဉ်းစားခြင်း များအား စောင့်ကြည့် စစ်ဆေးခြင်း<br>• စီမံချက်ငယ်များ၏ ပြောင်းလဲမှုများကို စစ်ဆေးခြင်း<br>• အရေးပေါ် သုံးစွဲမှု၏ ယုတ္တိရှိမှုအပေါ် ဝေဖန် သုံးသပ်ခြင်း |

| | | |
|---|---|---|
| | | • PMU အစည်းအဝေးစီစဉ်ခြင်း<br>• (၃)လတစ်ကြိမ် တိုးတက်မှု အစီရင်ခံစာ နှင့် စီမံချက်ပြီးဆုံးခြင်း အစီရင်ခံစာများကို JICAသို့ အစီရင်ခံခြင်း နှင့် JICAနှင့် ပူးပေါင်းဆောင်ရွက်ခြင်း<br>• စီမံချက်သီးသန့်စာရင်းစစ်ခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း |
| အဖွဲ့ဝင်များ | • ဒု-ဝန်ကြီး၊ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ)<br>• ညွှန်ကြားရေးမှူးချုပ်၊ ဘဏ္ဍာရေးဌာန၊ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန<br>• တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များ<br>• ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>• ဦးဆောင်ညွှန်ကြားရေးမှူး၊ မန္တလေး လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>• ဒုတိယအင်ဂျင်နီယာချုပ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ဦးဆောင်ညွှန်ကြားရေးမှူး၊ လမ်းဦးစီးဌာန<br>• ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားကူးသန်း ဆက်ဆံရေးဌာန | • ညွှန်ကြားရေးမှူးချုပ် နိုင်ငံခြားစီးပွားကူးသန်း<br>• ဆက်ဆံရေးဌာန (ဥက္ကဋ္ဌ)<br>• ညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားကူးသန်း<br>• ဆက်ဆံရေးဌာန<br>• ဒုတိယညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဌာန၊ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန<br>• ဒုတိယ ညွှန်ကြားရေးမှူး၊ စီမံချက်သုံးသပ်ချက်နှင့် တိုးတက်မှု အစီရင်ခံရေးဌာန ၊ အမျိုးသားစီမံကိန်းရေးဆွဲရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန<br>• ဒုတိယညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓါတ်အားထောက်ပံ့ရေးလုပ်ငန်း<br>• ဒုတိယညွှန်ကြားရေးမှူး ၊ မန္တလေး လျှပ်စစ်ဓါတ်အားထောက်ပံ့ရေးလုပ်ငန်း<br>• ဒုတိယညွှန်ကြားရေးမှူး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• အင်ဂျင်နီယာချုပ် လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ကြည့်ရှုလေ့လာသူ | JICA ကိုယ်စားလှယ် | JICA ကိုယ်စားလှယ် |
| ပံ့ပိုးကူညီသူ | အကြံပေး | အကြံပေး |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့ (အစိုးရအဖွဲ့အစည်းများ၏ အမည်များအားလုံးသည် NLDအစိုးရသစ်လက်ထက် ဝန်ကြီးဌာနများပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်းအခြေအနေကိုအခြေခံ၍ စာရင်းပြုစုထားခြင်း ဖြစ်ပါသည်။)

## ၅.၂.၄ စီမံချက်ငယ်များပြောင်းလဲခြင်း

### (၁) အခြေခံနိယာမများ

၁။ အကြံပေးဝန်ဆောင်မှုများ၏ အစတွင် ဇကာတင်စီမံချက်ငယ်များကို ပြန်လည်စိစစ်ခြင်း ပြုလုပ်သွားမည် ဖြစ်ပါသည်။ ပြန်လည်စိစစ်ခြင်းရလဒ်များကို PMU, PSCနှင့်JICA တို့မှ တိုင်ပင်ဆွေးနွေးပြီး သဘောတူညီမှု ရယူကြမည် ဖြစ်ပါသည်။

၂။ အစာထိုး (သို့)အရွေးချယ်ခံ စီမံချက်ငယ်အသစ်များကို ကြိုတင်ပြင်ဆင်ရေးစစ်တမ်းအတွက် အသုံးပြုခဲ့သော တူညီသည့် အမှတ်ပေးစနစ်ဖြင့်သာ ဝေဖန်သုံးသပ်၊ အမှတ်ပေးပါမည်။

၃။ ပယ်ဖျက်ခြင်းအတွက် အစားထိုး စီမံချက်ငယ်ကို ပြုစုပြီးစာရင်းအား ကိုးကား၍ ပြည်နယ်/ တိုင်းဒေသတူ၊ ကဏ္ဍတူ စီမံချက်ငယ်များထဲမှ ရွေးချယ်မည်ဖြစ်ပါသည်။

၄။ ဘေးအန္တရာယ်ပြီးနောက်ပိုင်းစီမံချက် အစရှိသည့် အချို့သောသတ်မှတ်စီမံချက်ငယ်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ခိုင်မာစွာ တောင်းဆိုလာခြင်းရှိခဲ့ပါက ယင်းတို့၏ မရှိမဖြစ်လိုအပ်ချက်နှင့် အရေးပေါ်လိုအပ်ချက်ကို PMU, PSC နှင့် JICA တို့က သေချာစွာ ဆန်းစစ်ပြီးမှသာ ရွေးချယ်မည် ဖြစ်ပါသည်။

၅။ MoC၊ ESE၊ MESC နှင့် DRD (ဤနေရာမှစ၍ နောင်တွင် စုပေါင်းစကားလုံးအနေဖြင့် "သက်ဆိုင်ရာဝန်ကြီးဌာနများ"ဟု ရည်ညွှန်းပါမည်)မှ စုစုပေါင်းကုန်ကျစရိတ်သည် မူလချေးငွေ ပမာဏအား မကျော်လွန်သေးသမျှ စီမံချက်ငယ်များပြောင်းလဲခြင်းကို အပြည့်အဝ စီမံပိုင်ခွင့်ရှိသည်။ စီမံချက်ငယ်များ ပြောင်းလဲခြင်းနှင့်ပတ်သက်ပြီး အကယ်၍ အဆိုပါကုန်ကျစရိတ်က စီမံခန့်ခွဲရေး အဖွဲ့အစည်း တစ်ခုစီ၏ ခွဲဝေထားသော ချေးငွေပမာဏကို ကျော်လွန်သွားပါက ချေးငွေ ပြန်လည်ခွဲဝေရေး လုပ်ငန်းစဉ် မတိုင်မီတွင် PMUနှင့် PSCတို့မှ ဆွေးနွေးအတည်ပြုရမည် ဖြစ်သည်။

မှတ်ချက် - ပိုမိုထိရောက်မြန်ဆန်သော စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ဆက်လက်လုပ်ဆောင်နိုင်ရေး အတွက် နောက်ဆုံးဆုံးဖြတ်ချက်ချပိုင်ခွင့် အာဏာကို PSC သို့ လွှဲပြောင်းပေးခြင်းဖြစ်ပါသည်။

### (၂) စီမံချက်ငယ်ပြောင်းလဲခြင်း လုပ်ဆောင်ပုံ

၁။ သက်ဆိုင်ရာဝန်ကြီးဌာနများက ဇကာတင်စာရင်းဝင် စီမံချက်ငယ်များကို ပြန်လည်ကြည့်ရှု သုံးသပ်ပါမည်။

၂။ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ PMU နှင့် JICA တို့က စီမံချက်ငယ်များ ဖျက်သိမ်းခြင်းကို အတည်ပြု သဘောတူညီမှုရယူကြပါမည်။

၃။ အကြံပေးတာဝန်ခံမှ ကျန်ရှိနေသေးသော ဇကာတင်စာရင်းဝင် စီမံချက်ငယ်များ၏ ဒီဇိုင်းနှင့် ခန့်မှန်းကုန်ကျငွေကို ပြန်လည်သုံးသပ်မည်။ ဒီဇိုင်းပြန်လည်သုံးသပ်ရာတွင် ကုန်ကျစရိတ်အနည်းဆုံး လျှော့ချခြင်းနှင့် စနစ်တကျတန်ဖိုးမြှင့်တင်ရေးတို့ကို ဆန်းစစ်သွားမည် ဖြစ်ပါသည်။

၄။ အကြံပေးတာဝန်ခံ၏အကူအညီဖြင့် အကောင်အထည်ဖော်ရန် အဆုံးသတ်ရွေးချယ်ထားသော စီမံချက်ငယ်များ၏ ခန့်မှန်းကုန်ကျစရိတ်ကို အခြေခံပြီး PMUမှ ကဏ္ဍတစ်ခုချင်းစီအတွက် စုစုပေါင်းစီမံချက်ကုန်ကျစရိတ်ကို တွက်ချက်ပါမည်။

၅။ အကြံပေးတာဝန်ခံသည် ပြီးမြောက်စေအောင်ဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်များမှ တင်သွင်းသော ရွေးချယ်ထားသည့် စီမံချက်ငယ်အားလုံး၏ ဒီဇိုင်းအရည်အသွေး၊ ကုန်ကျစရိတ်၊ စီးပွားရေးနှင့်ဘဏ္ဍာရေးခိုင်လုံမှု၊ ပတ်ဝန်းကျင်နှင့်လူမှုရေးထည့်သွင်းစဉ်းစားချက်နှင့် စီမံချက်အား စဉ်းစားဆုံးဖြတ်နိုင်စွမ်းတို့အား စဉ်ဆက်မပြတ် စောင့်ကြည့်ရပါမည်။

၆။ အကြံပေးတာဝန်ခံက ရွေးချယ်ခံ စီမံချက်ငယ်အသစ်များအား ဝေဖန်သုံးသပ်ပြီး ကနဦးစာရင်း ထဲသို့ ထည့်သွင်းပါမည်။

၇။ အကယ်၍ ကဏ္ဍတစ်ခုစီ၏ ခန့်မှန်းကုန်ကျစရိတ်သည် ခွဲဝေပေးထားသော ချေးငွေပမာဏသို့ မပြည့်မီသေးပါက စုစုပေါင်းကုန်ကျစရိတ်သည် ခွဲဝေပေးထားသောချေးငွေ ပမာဏနှင့်ညီမျှစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံချက်ငယ်အသစ်(သို့) အစားထိုးစီမံချက်ငယ်များကို ထပ်ထည့် နိုင်ပါသည်။ စာချုပ်ချုပ်ဆိုထားသော စီမံချက်ငယ်များ၏ ထပ်တိုးလုပ်ငန်းများနှင့် စျေးနှုန်းထပ်မံ တိုးတက်မှုများအတွက် အရေးပေါ် သုံးစွဲငွေကို ချန်ထားရမည်ဖြစ်ပါသည်။

၈။ ဆောင်ရွက်နေဆဲ စီမံချက်ငယ်၏ အပြီးသတ်ကုန်ကျစရိတ်ကို တွက်ချက်နိုင်ပြီဆိုပါက အရေးပေါ် သုံးစွဲငွေအပါအဝင် ကျန်ရှိနေသေးသော ငွေကြေးပမာဏကို အခြားထပ်တိုး စီမံချက်ငယ်များအတွက် အသုံးပြုနိုင်မည် ဖြစ်သည်။

မှတ်ချက် - အကယ်၍ ကဏ္ဍတစ်ခုစီ၏ ခန့်မှန်းကုန်ကျစရိတ်သည် ခွဲဝေချထားပေးသော ချေးငွေပမာဏ စုစုပေါင်းထက် များနေပါက PMUနှင့် PSC တို့၏ ဦးစွာသဘောတူညီချက်နှင့်အတူ အရေးပေါ် သုံးစွဲငွေကို အဆိုပါ ကဏ္ဍဆီသို့ ခွဲဝေပေးမည်ဖြစ်သည်။ သဘောတူညီချက် မရရှိခဲ့ပါက ယင်းစီမံချက်ငယ်ကို ပယ်ဖျက်သွားမည် (သို့) အခြားငွေကြေး ထောက်ပံ့မှုများဖြင့် ဆက်လက်အကောင်အထည်ဖော်စေပါမည်။

## ၅.၃ ဝယ်ယူရေးလုပ်ငန်းစဉ်

### ၅.၃.၁ အကြံပေးတာဝန်ခံရွေးချယ်ခြင်း

- စီမံချက်သည် ဂျပန်ယန်း ချေးငွေဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် JICA၏ အကြံပေးတာဝန်ခံ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာအကြံပေးတာဝန်ခံကို သင့်လျော်မြန်ဆန်စွာ ရွေးချယ်သွားပါမည်။
- ရွေးချယ်ခြင်းအတွက် နိုင်ငံတကာအတွေ့အကြုံ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံ၊ ပညာအရည်အချင်း နှင့် အကြွင်းမဲ့ဆောင်ရွက်နိုင်စွမ်းတို့ကို မျှတစွာ ဝေဖန်သုံးသပ်မည်ဖြစ်ပါသည်။
- မြန်မာအစိုးရနှင့် ပြီးမြောက်စေအောင်ဆောင်ရွက်ပေးသည့် ကိုယ်စားလှယ်များတွင် ဂျပန် ယန်းချေးငွေ စီမံကိန်းအတွက် ကန်ထရိုက်တာရွေးချယ်မှု အတွေ့အကြုံ နည်းပါးသည်ဖြစ်ရာ

ဂယ်ယူရေးစီမံခန့်ခွဲမှုလွယ်ကူစေရန်အတွက် အထူးအကူအညီပေးမည့် အကြံပေးတာဝန်ခံ ခန့်အပ်ရန် အကြံပြုထောက်ခံအပ်ပါသည်။

### ၅.၃.၂. ကန်ထရိုက်တာ ငှားရမ်းခြင်း

- အကြိုအရည်အချင်းစစ်ခြင်းဟူ၍ မရှိပဲ လေလံတင်သူ၏အရည်အချင်းကို လေလံတင်စဉ် နည်းပညာပိုင်းဆိုင်ရာ အရည်အချင်းဖြင့်သာ ဝေဖန်သုံးသပ်ပါသည်။
- ဝယ်ယူမှုတစ်ခုချင်းစီအတွက် ဝေဖန်သုံးသပ်ရေးကော်မတီ ဖွဲ့စည်းထားပါသည်။ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (DoH) နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (DRD) အတွက်မှု သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကိုယ်စားလှယ်သည် ဝေဖန်သုံးသပ်ရေး ကော်မတီ၏ အဖွဲ့ဝင်ဖြစ်ပါမည်။
- စာအိတ်နှစ်ခုကို တစ်ပြိုင်တည်း သေချာစွာစစ်ဆေးအကဲဖြတ်သည့်နည်းလမ်းအားအသုံးပြုပါမည်။
- ဈေးအနည်းဆုံးစနစ်[9] ကို အသုံးပြုပါမည်။

## ၆။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ

ဤစစ်တမ်းတွင် IEEအဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှုများကို JICA ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြုလုပ်ဆောင်ရွက်ထားပါသည်။ မြေနေရာရယူရေးနှင့် ပြန်လည် နေရာချထားရေးတို့ကို စီမံချက်တည်ဆောက်မှုနှင့်အတူ ဆောင်ရွက်သွားမည်ဟု မျှော်လင့်ထားသော်လည်း စီမံချက်၏ အကျိုးသက်ရောက်မှုဒဏ်ခံရသော လူဦးရေစုစုပေါင်းမှာ ၂၀၀အောက်နည်းနေသောကြောင့် ပြန်လည်နေရာချထားရေး ဖော်ဆောင်မှု စီမံကိန်းအကျဉ်းချုံး (ARAP) ကိုပြင်ဆင်ထားရှိခဲ့ပါသည်။

စီမံခန့်ခွဲရေး အဖွဲ့အစည်းများထံသို့ ပေးပို့ရန် စီမံချက်ငယ်များအားလုံး၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေးစီမံကိန်း(EMP) ဖော်ဆောင်မှုအတွက် မြန်မာEIAလုပ်ငန်းစဉ် (၂၀၁၆) ကိုလည်း အတည်ပြုထားပါသည်။ ထို့အပြင်အောက်ဖော်ပြပါ ဇယားရှိ စီမံချက်ငယ်များ၏ IEE အဆင့် အကဲဖြတ်မှု အစီရင်ခံစာကို EIA လုပ်ငန်းစဉ် နှင့်အညီ ပြင်ဆင်ကာ DoH နှင့် TDC တို့ထံပေးပို့ပါသည်

[9] အလွန်အကျွံ ယုတ်လျော့ခြင်းကြောင့် အရည်အသွေးပျက်ယွင်းခြင်းမှ ကာကွယ်ရန်အလို့ငှာ ဈေးအနည်းဆုံးစနစ်သည် သတ်မှတ်ထားသော ဈေးနှုန်းထက်နည်းသည့် ကုမ္ပဏီများ၏ မလိုလားအပ်သောတင်ဒါများကို ပယ်ချခြင်း (ဂျပန်တွင် ယေဘူယျအားဖြင့် ၇၀ မှ ၇၅%) နှင့် သင့်တော်သောကန်ထရိုက်တာများ ရွေးချယ်ခြင်းနှင့် အရည်အသွေးမီသော တင်ဒါလုပ်ငန်းစဉ်များအား ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက် ရန်ဖြစ်သည်။

**ဇယား ၆-၁ မျှော်မှန်းသက်ရောက်ခံလူများ၊ သက်ရောက်ယူနစ်များ(PAUs)နှင့် မြေနေရာများ**

| ကဏ္ဍများ | သက်ရောက်ခံ အိမ်ထောင်စုများ | စီမံချက်သက်ရောက်ခံ လူဦးရေ | PAUs | | | | | |
|---|---|---|---|---|---|---|---|---|
| | | | အဆောက်အအုံအရေအတွက် | မြေကွက်အရေအတွက် | မြေဧရိယာ စုစုပေါင်း (m2) | အဝီစိတွင်းအရေအတွက် | လက်တူးတွင်းအရေအတွက် | တန်ဖိုးကြီးသစ်ပင်အရေအတွက် |
| လမ်းနှင့်တံတား | ၁၅ | ၅၇ | ၁၇ | - | ၃၈၈ | - | - | - |
| လျှပ်စစ်ဓာတ်အားရရှိရေး | ၉ | ၃၅ | - | ၈ | ၄၄,၉၅၁ | - | - | - |
| ရေပေးဝေမှု | ၂ | ၈ | ၁ | ၂ | ၄,၀၆၇ | ၁ | ၁ | ၁၅ |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

**ဇယား ၆-၂ မြန်မာ EIA လုပ်ငန်းစဉ်အောက်ရှိ IEE နှင့်ဆက်နွယ်နေသော စီမံချက်ငယ်စာရင်း**

| ကဏ္ဍ | အရေအတွက် | စီမံချက်ငယ်များ |
|---|---|---|
| လမ်းနှင့်တံတား | ၂ | MOC-5 / MOC-3,6,17 |
| ရေပေးဝေမှု | ၆ | TDC-01 / TDC-5 / TDC-11 / TDC-13 / TDC-16 / TDC-34 |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

# ၇။ ကဏ္ဍတစ်ခုချင်းစီ၏ စံဒီဇိုင်း၊ လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စီမံကိန်း [ဖြည့်စွက်ချက်]

## ၇.၁ လမ်းနှင့်တံတားကဏ္ဍ

### ၇.၁.၁. စံဒီဇိုင်း

#### ၇.၁.၁.၁ လမ်းတည်ဆောက်ရမည့်ဖြတ်ပိုင်းပုံစံ

ဇကာတင် စီမံချက်များအားလုံး၏ လမ်းအမျိုးအစားအတွက် DBST ကျောက်ခင်းလမ်းအမျိုးအစားကိုအသုံးပြုပါသည်။ စီမံချက်ငယ်အများစု၏ လမ်းအကျယ်သည် အခြေခံအားဖြင့် ၁၈ ပေသာရှိသော်လည်း

MoC-18 ကမူ လမ်းအရှည်တစ်ခုလုံး အတွက် ၂၄ ပေရှိပါသည်။ ထို့အတူ MoC-03၊ MoC-06၊ MoC-17 တို့သည်လည်း လိုအပ်သော အချို့အပိုင်းများတွင် ၂၄ ပေရှိမည်ဖြစ်ပါသည်။

အောက်ပါ ပုံ ၇-၁ မှ ၇-၅ တို့သည် လမ်းမဒီဇိုင်း၏ လမ်းတည်ဆောက်ရမည့်ဖြတ်ပိုင်းပုံစံကို ဖော်ညွှန်းပါသည်။




**ပုံ ၇-၁ မြေညီဒေသရှိ ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ (MoC-05/ ကတ္တရာလမ်း (DBST) - ၅.၅ မီတာ)**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၂ မြေညီဒေသရှိ ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ**

**(MoC-07/ ကတ္တရာလမ်း (DBST) အပေါ်လွှာ - ၅.၅ မီတာ)**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၃ တောင်ထူထပ်သောဒေသရှိ ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ**

**(MoC-03,06,17/ ကတ္တရာလမ်း (DBST) အပေါ်လွှာ- ၅.၅-၇.၀ မီတာ)**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၄ တောင်ထူထပ်သောဒေသရှိ ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ**

**(MoC- 18/ ကတ္တရာလမ်း (DBST) အပေါ်လွှာ- ၇.၀ မီတာ)**

ကိုးကားချက် - ကြို့တင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၅ တောင်ထူထပ်သောဒေသရှိ ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ**

**(MoC- 22/ ကတ္တရာလမ်း (DBST) အပေါ်လွှာ- ၅.၅ မီတာ)**

ကိုးကားချက် - ကြို့တင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

### ၇.၁.၁.၂ နောင်လာမည့် ဒီဇိုင်းအဆင့်အတွက် အကြံပြုချက်

**(၁) မြင်ကွင်းအကွာအဝေး**

သက်တောင့်သက်သာနှင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရန် မြင်ကွင်းအကွာအဝေးသည် အရေးကြီးပါသည်။ အထူးသဖြင့် ရှေ့တွင်ရှိသော လမ်းကွေ့များအတွက် မြင်ကွင်းအကွာအဝေးသည် အထူးလိုအပ်ပါသည်။ ပုံ ၇-၆ တွင်ပြထားသည့်အတိုင်း ကွေ့၏အတွင်းပိုင်းကို နောက်ပြန်အကွာအဝေး တစ်ခုစာလောက်ရှင်းလင်းထားခြင်းဖြင့် မြင်ကွင်းအကွာအဝေးကိုသေချာစေနိုင်ပါသည်။




| လိုအပ်သော မြင်ကွင်းအကွာအဝေး(မီတာ) | |
|---|---|
| ဒီဇိုင်းအမြန်နှုန်း (ကီလိုမီတာ/နာရီ) | မြင်ကွင်းအကွာအဝေး (မီတာ) |
| ၁၂၀ | ၂၁၀ |
| ၁၀၀ | ၁၆၀ |
| ၈၀ | ၁၁၀ |
| ၆၀ | ၇၅ |
| ၅၀ | ၅၅ |
| ၄၀ | ၄၀ |
| ၃၀ | ၃၀ |
| ၂၀ | ၂၀ |

$$E = \frac{S^2}{8\,R}$$

S = မြင်ကွင်းအကွာအဝေး (မီတာ)

R = ကွေ့အချင်းဝက် (မီတာ)

E = နောက်ပြန်အကွာအဝေး (မီတာ)

**ပုံ ၇-၆ ကွေ့အပိုင်းရှိ မြင်ကွင်းအကွာအဝေး၏ အခြေခံသဘောတရား**

ကိုးကားချက် - ဂျပန်လမ်းဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်း

### (၂) ဆင်ခြေလျှော ကာကွယ်ခြင်းနှင့် ရေမြောင်းစနစ်

လမ်းအန္တရာယ်ကင်းရှင်းစေရေးနှင့် ဆင်ခြေလျှောတည်တံ့ခိုင်မြဲရေးအလို့ငှာ လိုအပ်သောနေရာများ၊ အထူးသဖြင့် တောင်ထူထပ်သော မြေနေရာများတွင် ဆင်ခြေလျှောကာကွယ်ခြင်းနှင့် ရေမြောင်းစနစ်တို့ကို ထည့်သွင်းတည်ဆောက်ထားသင့်ပါသည်။ မြန်မာနိုင်ငံတွင် လက်တွေ့ကျင့်သုံးနေသော လုပ်ထုံးလုပ်နည်းများနှင့် ဒေသခံကန်ထရိုက်တာများ၏ စွမ်းဆောင်နိုင်စွမ်းတို့ကို ထည့်သွင်းစဉ်းစားပြီး စီမံချက်အဆင့်(၁) လုပ်ဆောင်ချက်များကိုအခြေခံကာ တောင်ထူထပ်သည့် ဒေသများရှိ လမ်းအရှည်စုစုပေါင်း၏ ၁၅%တွင် ကျောက်အင်္ဂတေမြေထိန်းနံရံနှင့် ရေမြောင်းစနစ်တို့ကို ထည့်သွင်းတည်ဆောက်သွားမည်ဟု စီစဉ်ထားပါသည်။

ပုံ ၇-၇ တွင် ယေဘုယျလမ်းဖြတ်ပိုင်းပုံစံ ကိုပြသထားပါသည်။




**ပုံ ၇-၇ ကျောက်အင်္ဂတေ မြေထိန်းနံရံနှင့် ရေမြောင်းစနစ် ရှိသောယေဘုယျလမ်းဖြတ်ပိုင်းပုံစံ**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့မှပြင်ဆင်သည်

## ၇.၁.၂ လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး (O&M) စီမံကိန်း

### ၇.၁.၂.၁ အထွေထွေ

စီမံချက်လမ်းမများ၏ လက်ရှိယာဉ်သွားလာမှုပမာဏမှာ တစ်နေ့လျှင် အစီးရေ ၁,၀၀၀ ထက်နည်းနေပြီးထိုကဲ့သို့ ယာဉ်သွားလာမှုပမာဏ နည်းပါးသည့် ဒေသများတွင် ကျောက်ချောလမ်းခင်းရန် မူဝါဒက တိုက်တွန်းသည်ဖြစ်ရာ စီမံချက်လမ်းမများ အတွက်ကျောက်ချောလမ်းခင်းခြင်း (စရိတ်နည်း လမ်းခင်းခြင်း)ကို ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာငွေအကန့်အသတ်အတွင်း အကွာအဝေးအရှည်လျားဆုံးနှင့် ပိုမိုများပြားသော စီမံချက်လမ်းမများ အရေအတွက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စရိတ်နည်းလမ်းခင်းခြင်းသည် အလွန်သင့်တော်ပါသည်။ ရသင့်ရထိုက်သော ဝန်ဆောင်မှုအဆင့် ရရှိရန်အလို့ငှာ စရိတ်နည်းလမ်းခင်းခြင်းအတွက် သင့်လျော်သော လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး (O&M)သည် အထူးပင်လိုအပ်လှပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်လာမှုနှင့်အတူ တဟုန်ထိုးတိုးတက်လာမည့် အနာဂတ် ယာဉ်သွားလာမှု ပမာဏနှင့် လမ်းမအခြေခံလမ်းတည်ဆောက်မှုများကို မျှော်မှန်းစဉ်းစားလျက် ရေရှည် အသုံးပြုနိုင်သည့် အဆင့်ရောက်ရန် အကျိုးရှိထိရောက်သော လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးသည် လိုအပ်ပါသည်။

ဤစီမံချက်တွင် O&Mနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အတွက် "ပစ္စည်းစီမံခန့်ခွဲရေးနည်းလမ်း"ကို အသုံးပြုရန် အဆိုပြုထားပါသည်။

### ၇.၁.၂.၂ ပစ္စည်းစီမံခန့်ခွဲရေး

ပစ္စည်းစီမံခန့်ခွဲရေးသည် လမ်းပစ္စည်း အခြေအနေများကို နားလည်သဘောပေါက်ရန်၊ လမ်းပစ္စည်းများ ၏ အခြေအနေ ပေါ်မူတည်၍ အနာဂတ် ပျက်စီးနိုင်ခြေကိုခန့်မှန်းရန်၊ အရေးကြီးသော ပျက်စီး ဆုံးရှုံးမှု မပေါ်ပေါက်မီပြုပြင်ခြင်း၊ အဆင့်မြှင့်ခြင်းများ စီစဉ်နိုင်ရန်နှင့် လမ်းပစ္စည်းများအတွက်လိုအပ်သော ဝန်ဆောင်မှုအဆင့်များအား ဆက်လက် ထိန်းသိမ်း ထားနိုင်ရန် နည်းလမ်းတစ်ခုဖြစ်ပါသည်။

ပစ္စည်းစီမံခန့်ခွဲရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ပြ ကားချပ်ကို ပုံ ၇-၈ တွင်ပြထားပါသည်။




**ပုံ ၇-၈ ပစ္စည်းစီမံခန့်ခွဲရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်ပြကားချပ်**

**(၁) စစ်ဆေးခြင်း**

စစ်ဆေးခြင်းမှတစ်ဆင့် လမ်းသုံးပစ္စည်းများ၏ ကောင်းမွန် ကြံ့ခိုင်မှုကို အတိအကျနားလည်နိုင်ရန်မှာ ပစ္စည်းစီမံ ခန့်ခွဲရေး၏ ပထမဆုံးအဆင့်ဖြစ်ပါသည်။ ဇယား ၇-၁ တွင် ဖော်ပြထားသည့်အတိုင်းပင် စစ်ဆေးခြင်းလုပ်ငန်းများကို (၁)ပုံမှန်စစ်ဆေးခြင်း၊ (၂) ကာလအပိုင်းအခြားအလိုက် စစ်ဆေးခြင်းနှင့် (၃)အရေးပေါ်စစ်ဆေးခြင်းဟူ၍ အမျိုး အစား ခွဲခြားထားပါသည်။ ပျက်စီးယိုယွင်းမှုခန့်မှန်းရေး နှင့် O&M အစီအစဉ်ကို အကောင်းမွန်ဆုံး ဖော်ဆောင်အောင်မြင်နိုင်ရေးအတွက် စစ်ဆေးခြင်းရလဒ်များကို database များတွင် အဆက်မပြတ် ပြင်ဆင်ခြင်းသည် အလွန်အရေးကြီးပါသည်။

**ဇယား ၇-၁ စစ်ဆေးခြင်းလုပ်ငန်း၏ အဆိုပြုအမျိုးအစားခွဲခြင်း**

| စစ်ဆေးခြင်းအမျိုးအစား | | | အဓိကပစ္စည်းများ | ရည်ရွယ်ချက် | နည်းလမ်းများ |
|---|---|---|---|---|---|
| ပုံမှန် | နေ့စဉ် | တစ်ကြိမ် (သို့) နှစ်ကြိမ် | လမ်းမျက်နှာပြင် | လမ်းအန္တရာယ်ကင်းရှင်းရေး | ယာဉ်ပေါ်မှ အမြင်ဖြင့် စစ်ဆေးခြင်း |
| | | မနက်နှင့် ညနေ | တံခါးများ/ ယက်မ အပေါက်များ | လုံခြုံရေး | အမြင်နှင့်ရုပ်ပိုင်းဆိုင်ရာ ခြေလျင် စစ်ဆေးခြင်း |
| ကာလ အပိုင်း အခြား အလိုက် | နှစ်စဉ် | | အစိတ်အပိုင်းအားလုံး | ပျက်စီးမှုနှင့် အန္တရာယ်ကင်းရှင်းရေး | စစ်ဆေးရေး ကိရိယာ အသုံးပြု၍ အမြင်ဖြင့် စစ်ဆေးခြင်း (crack scale, hand tape စသည်) |
| | ၅ နှစ်တစ်ကြိမ် | | အစိတ်အပိုင်းအားလုံး | ပျက်စီးမှုနှင့် အန္တရာယ်ကင်းရှင်းရေး | • အမြင်ဖြင့်စစ်ဆေးခြင်း (ကိရိယာအသုံးပြု၍)<br>• စမ်းသပ်ခြင်း (ကိရိယာအသုံးပြု၍) |
| အချိန် မှန် မဟုတ် သော | အရေးပေါ် (မတော်တဆမှု/သဘာဝ ဘေးအန္တရာယ်ဖြစ်ပေါ် သည့်အချိန် | | ပျက်စီးသွားသော အစိတ်အပိုင်းများ အားလုံး | ပျက်စီးမှုနှင့် အန္တရာယ်ကင်းရှင်းရေး | ကိရိယာအသုံးပြု၍ အမြင်ဖြင့်စစ်ဆေးခြင်း |
| | အထူး(လိုအပ်လျှင်) | | ချွတ်ယွင်းသောအပိုင်း များ (အထက်ပါ စစ်ဆေးခြင်းများမှ တွေ့ရှိရသော) | • ချို့ယွင်းချက် အခြေအနေ အသေးစိတ်/ လိုအပ်သောအရေးယူမှု များကိုသိရှိနိုင်ရန်<br>• ပျက်စီးမှုအခြေအနေကို စောင့်ကြည့်ရန်<br>• ပျက်စီးမှုအကြောင်း အရင်းကို စစ်ဆေးရန် | • အမြင်ဖြင့် စစ်ဆေးခြင်း<br>• စစ်ဆေးခြင်း (ကိရိယာအသုံးပြု၍)<br>• စမ်းသပ်ခြင်း (ကိရိယာအသုံးပြု၍) |

ကိုးကားချက် - ကြိုတင်ပြင်ဆင်ရေးစစ်တမ်းအဖွဲ့

① **ပုံမှန် စစ်ဆေးခြင်း**

လမ်းများနှင့် ဖွဲ့စည်းတည်ဆောက်ပုံများ၏ လက်ရှိအခြေအနေကို ရှာဖွေဖော်ထုတ်ရန်အလို့ငှာ အမြင်ဖြင့် ပုံမှန် စစ်ဆေးခြင်းများကို လမ်းပခုံးသား (သို့) ဘယ်ဘက်အစွန်ဆုံး လမ်းကြောမှနေ၍ လမ်းလှည့်

စစ်ဆေးခြင်းအနေနှင့် ဆောင်ရွက်ပါသည်။ ထိုနည်းလမ်းအရ စစ်ဆေးနိုင်သည့်အရာများမှာ သွားလာနေသော ယာဉ်ပေါ်မှသာ စောင့်ကြည့်ရယူနိုင်ပါသည်။ အဆိုပါအရာများတွင် အောက်ပါ အကြောင်းအရာများ ပါဝင်ပါသည်။

- လမ်းခင်းခြင်း အနေအထား
- ရေမြောင်းစနစ် ၊ ရေပိုက်မြောင်းစနစ်
- တာရိုး / ဆင်ခြေလျှော
- ထပ်ဆင့် ထောက်ပံ့ရေးပစ္စည်းများ (အထိန်းအကွပ်လက်တန်း၊ ယာဉ်သွားလာမှု သတင်းအချက်အလက်ပြကားချပ် စသည်)

② **ကာလအပိုင်းအခြားအလိုက် စစ်ဆေးခြင်း**

ဖွဲ့စည်းတည်ဆောက်မှုအပေါ် အလုံးစုံနားလည်နိုင်ရန်အလို့ငှာ အမြင်ဖြင့်စစ်ဆေးခြင်းကို လိုအပ်လျှင် လိုအပ်သလို ကိရိယာပစ္စည်းအသုံးပြု၍ ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် စစ်ဆေးခြင်းလုပ်ငန်းမစတင်မီ ယာဉ်သွားလာမှုထိန်းချုပ်ရေး၊ သယ်ယူပို့ဆောင်ရေးအတွက် ပြင်ဆင်ခြင်းနှင့် စီစဉ်ခြင်း အစရှိသော ကွင်းဆင်းလုပ်ငန်းအချို့လည်း လိုအပ်ပါသည်။

③ **အရေးပေါ် စစ်ဆေးခြင်း**

ပုံမှန်စစ်ဆေးခြင်းနှင့် ကာလအပိုင်းအခြားအလိုက် စစ်ဆေးခြင်းများအပြင် မတော်တဆမှု/ ဘေးအန္တရာယ်များ၊ ပျက်စီးခြင်းများအတွက် ထပ်ဆောင်းစစ်ဆေးခြင်းများလည်း ပြုလုပ်ရန်လိုအပ်ပါသည်။ အရေးပေါ် စစ်ဆေးခြင်း၏ရည်ရွယ်ချက်မှာ လမ်းနှင့်တံတားများ ကောင်းမွန်ကြံ့ခိုင်မှုကို စစ်ဆေးရန်ဖြစ်သည်။ အဓိက အစိတ်အပိုင်းတွင် ပြင်းထန်သော ပျက်စီးမှုတွေ့ရှိပါက ထိုထက်အသေးစိတ်စစ်ဆေးခြင်းလည်း လိုအပ်လာနိုင်ပါသည်။

(၂) Database ပြင်ဆင်ခြင်းနှင့် Update လုပ်ခြင်း

MoC သည် အလျားစုစုပေါင်း ကီလိုမီတာ ၄၀,၀၀၀ ကျော်ရှိသော လမ်းကွန်ယက်ကြီးကို မြန်မာနိုင်ငံတွင် တည်ဆောက်ပြီးဖြစ်သော်လည်း တိကျသော စစ်တမ်းအချက်အလက်မရှိခြင်းကြောင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်သာမက အနာဂတ်ဆောက်လုပ်ရေး လုပ်ငန်းအစီအစဉ်များကို လုပ်ဆောင်ရန်ပါခဲယဉ်းစေပါသည်။ သို့ဖြစ်ပါ၍ လမ်းစစ်တမ်း database ကိုတည်ဆောက်ရန်နှင့် စီမံခန့်ခွဲရန် DoH အတွက် နည်းပညာဆိုင်ရာအထောက်အပံ့ လိုအပ်ကြောင်း သုံးသပ်ရပါသည်။ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆင့်တွင် စစ်တမ်း database တည်ဆောက်ရန်အတွက် DoH ကိုအထောက်အကူပေးပါရန် စီမံခန့်ခွဲရေးပညာရှင်ပါဝင်မှုကို အဆိုပြု တင်သွင်းထားပါသည်။ Database အတွက်လိုအပ်သော သတင်းအချက်အလက်များကို အောက်ပါအတိုင်း အတိုချုပ်အပ်ပါသည်။

- အခြေခံသတင်းအချက်အလက် - လမ်းဖောက်လုပ်ရေးပစ္စည်းအမှတ်/ လမ်းအမည်/ ပြီးဆုံးသည့် နေ့ရက်/ စီမံခန့်ခွဲရေးရုံး / တည်နေရာ / လမ်းအမျိုးအစားခွဲခြင်း
- အခြေခံအင်္ဂါရပ်များ - ဒီဇိုင်းအနေအထား / လမ်းဖွဲ့စည်းပုံ / လမ်းခင်းပုံအမျိုးအစား / အလျား / CBR / အမြင့်ဆုံးဒေါင်လိုက်လျှောစောက် ဖွဲ့စည်းတည်ဆောက်ပုံ အချက်အလက်
- အခြား - လမ်းဖြတ်သွားမှုအခြေအနေ/ ပြုပြင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် အဆင့်မြှင့်ခြင်း လုပ်ငန်းများ မှတ်တမ်း/ ပျက်စီးမှုမှတ်တမ်း / စစ်ဆေးခြင်းမှတ်တမ်း / ယာဉ်သွားလာမှု ပမာဏ

**(၃) ပျက်စီးယိုယွင်းမှု ဂေဖန်သုံးသပ်ခြင်းနှင့် ခန့်မှန်းခြင်း**

ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘဏ္ဍာရေးရာစီစဉ်ရေးအတွက် ယုံကြည်စိတ်ချရသော ပျက်စီးယိုယွင်းမှု ခန့်မှန်းခြင်း လိုအပ်ပါသည်။ ဤကဲ့သို့ဖြစ်လာစေရန် ယုံကြည်စိတ်ချရသော စစ်တမ်း database ဆောက်လုပ်ရန်မှာ အလွန်အရေးကြီးပြီး ခန့်မှန်းခြင်း၏တိကျမှုသည် လမ်းဖောက်လုပ်ရေးပစ္စည်းများ စစ်ဆေးခြင်းမှ ရရှိသော တိကျသည့်နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်ပမာဏအပေါ် မှီတည်နေသောကြောင့် ယင်း database ကိုအချိန်မှန် update လုပ်ပေးသင့်ပါသည်။ ဤစီမံချက်တွင် လမ်းခင်းခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့အစည်းသို့ လွှဲပြောင်းပေးမည့် ပျက်စီးယိုယွင်းမှုခန့်မှန်းခြင်းနှင့် ဂေဖန်သုံးသပ်ခြင်းဆိုင်ရာ နည်းပညာဗဟုသုတအပေါ်တွင် အသားပေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လမ်းခင်းခြင်း၏ ပြုပြင်ထူထောင်မှုစရိတ်သည် ထိန်းသိမ်းစောင့်ရှောက်ရေးစရိတ်၌ အဓိကပါဝင်သောကြောင့်ဖြစ်ပါသည်။

**(၄) ထိန်းသိမ်းစောင့်ရှောက်ရေးအစီအစဉ်နှင့် ဘဏ္ဍာရေးရာအစီအစဉ်တို့ကို ပြင်ဆင်ခြင်းနှင့် Updateပြုလုပ်ခြင်း**

ဤအဆင့်တွင် အနာဂတ်ပျက်စီးယိုယွင်းမှု ခန့်မှန်းခြင်းနှင့် ဂေဖန်သုံးသပ်ခြင်းအပေါ် အခြေခံကာ အနာဂတ်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘဏ္ဍာရေးရာအစီအစဉ်များကို ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စစ်ဆေးခြင်းရလဒ်များကို မူတည်၍ ရှေးဦးအစီအစဉ်ကို အလျဉ်မပြတ် update ပြုလုပ်သင့်ပါသည်။ အဓိကထိန်းသိမ်းစောင့်ရှောက်ရေး အခြင်းအရာများကို လာမည့်အခန်းတွင် အနှစ်ချုပ်ဖော်ပြထားပါသည်။ အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့အစည်းသည် စီမံချက်အဆင့်(၂) ၏ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဆင့်၌ အကြံပေး၏ အကူအညီဖြင့် စီမံချက်အဆင့်(၁)တွင် ပြင်ဆင်ထားရှိခဲ့သော O&M အစီအစဉ်ကိုပြင်ဆင်ကာ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**(၅) ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ**

လမ်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အများအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါသည်။ (၁) ပုံမှန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၂) ကာလအပိုင်းအခြားအလိုက်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် (၃) အရေးပေါ် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ဖြစ်ပါသည်။

① **ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် ဆင်ခြေလျှောမြက်ရိတ်ခြင်းနှင့် ရေနုတ်မြောင်း အထောက်အပံ့များ ရှင်းလင်းခြင်းအပါအဝင် လမ်းသန့်ရှင်းရေးများ၊ အမှိုက်သရိုက်၊ အပျက်အစီး အကျိုးအပဲ့များ၊ မြေသားများ၊ ကျောက်တုံးများ ဖယ်ရှားခြင်း၊ စသည်တို့ပါဝင်ပါသည်။ အခြေအနေအရ ဆောင်ရွက်မှုကြိမ်နှုန်းသည် တစ်နေ့တစ်ကြိမ်မှ တစ်နှစ်တစ်ကြိမ်သို့ ခြားနားပြောင်းလဲနိုင်ပါသည်။ လမ်းပေါ်ရှိ ချိုင့်ဖာထေးခြင်း၊ လမ်းဘေးရေနုတ်မြောင်း ပြန်လည်ပုံဖော်ခြင်းနှင့် ရေပြွန်နှင့် မြေထိန်းနံရံများသန့်ရှင်းရေး အစရှိသော ဒေသအလိုက်လမ်းခင်းခြင်းနှင့် လမ်းပခုံးသား အပျက်အစီးများအတွက် ပြန်လည်ပြုပြင်ခြင်း များလည်း ပါဝင်ပါမည်။ ထို့အပြင် လမ်းအမှတ်အသားများအား ပြန်လည်ဆေးသုတ်ခြင်း၊ လမ်းသင်္ကေတများ၊ မီးဘုတ်နှင့် အထိန်းအကွပ်လက်တန်းများကို ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်အစားထိုးခြင်းတို့ကိုလည်း လုပ်ဆောင်သင့်ပါသည်။

② **ကာလအပိုင်းအခြားအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ကာလအပိုင်းအခြားအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ခြင်းမှ အောက်ပါအကြောင်းအရာများတွင် အဓိက ကွာခြားပါသည်။

- ယာဉ်သွားလာမှုပမာဏ၊ အထူးသဖြင့်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှု၏ လွှမ်းမိုးသက်ရောက်မှု ရှိသော ပိုမိုရှည်ကြာသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေးကြားကာလရှိခြင်း။
- အတိုင်းအတာပိုမိုကြီးမားခြင်း၊ လမ်းကြောများဖြတ်သန်းခွင့် ပိတ်ဆို့မှုများ လိုအပ်ခြင်း။

ကာလအပိုင်းအခြားအလိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းတွင် လမ်းမျက်နှာပြင် အင်္ဂါရပ်များနှင့် ဖွဲ့စည်းတည်ဆောက်ပုံ တည်တံ့ခိုင်မြဲမှု တို့ကို ပြုပြင်ထိန်းသိမ်းထားရန် လမ်းအပြည့်ပြန်ခင်းခြင်း (သို့) ရှိပြီးသားလမ်းခင်းခြင်း (သို့) ယာဉ်လမ်းကြောတို့ကို ပြန်လည်ပြုပြင်ခြင်းများ ပါဝင်ပါသည်။ လုပ်ငန်း ဆောင်ရွက်ခြင်းအပြီး ၁၀ နှစ်အကြာတွင် ဆောင်ရွက်ရမည့်အမှုကိစ္စများ အတိအကျမှာ ပျက်စီးသွားသော မျက်နှာပြင်လွှာ ဖယ်ရှားခြင်း/ ပြန်လည်အစားထိုးခြင်းနှင့် ပြင်းထန်စွာပျက်စီးသွားသော အောက်ခြေလွှာကို ဒေသအလိုက် ပြန်လည်တည်ဆောက်ခြင်းတို့ပါဝင်ပါသည်။

③ **အရေးပေါ်ထိန်းသိမ်းစောင့်ရှောက်ခြင်း**

အရေးပေါ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် သဘာဝဘေးအန္တရာယ်များ သို့မဟုတ် ယာဉ်မတော်တဆမှု အများအပြားကြောင့် ပျက်စီးသွားသော လမ်းဖွဲ့စည်းပုံအား အရေးပေါ်ပြုပြင်ခြင်းကို အဓိကဆိုလိုပါသည်။ ယင်းကဲ့သို့သောပျက်စီးပုံအမျိုးမျိုးရှိရာ မည်သည့်ပုံစံဖြင့် ဖြစ်ပေါ်မည်ကို ကြိုတင်ခန့်မှန်းရန် ခက်ခဲပါသည်။ ယင်းသို့ပျက်စီးပုံ ဥပမာအချို့မှာ-မိုးသည်းထန်စွာရွာသွန်းနေစဉ်နှင့် ရွာသွန်းပြီးချိန်တွင် ရေကာတာ / ဆင်ခြေလျှောပျက်စီးသွားခြင်းနှင့် ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်လာသော ပျက်စီးမှုများ (တံတား/ ကားလမ်းတံတား၊ ရေကာတာ၊ ဆင်ခြေလျှော၊ မြေထိန်းနံရံ၊ လမ်းခင်းခြင်းစသည်) တို့ပါဝင်ပါသည်။ ယာဉ်သွားလာမှုအနှောက်အယှက် အနည်းဆုံးဖြစ်အောင် လျှော့ချရေးအတွက် အဆိုပါပြုပြင် ဆောင်ရွက်ရေးလုပ်ငန်းများကို ရံဖန်ရံခါ အဆင့်(၂) ဆင့်ခွဲ၍ ပြီးစီးအောင်ဆောင်ရွက်ပါသည်။

- အဆင်ပြေချောမွေ့သော ယာဉ်စီးဆင်းမှုရရှိစေရန် အရေးပေါ်ယာယီပြုပြင်ခြင်းနှင့်

- အနာဂတ်တွင် ထပ်မံမဖြစ်ပေါ်စေရန် တားဆီးဆောင်ရွက်ချက်များကို အားဖြည့်ခြင်းအပါအဝင် အပြည့်အဝပြုပြင်ခြင်းတို့ဖြစ်သည်။

- ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ် အခြင်းအရာများကို အောက်ပါဇယား ၇-၂ တွင် အကျဉ်းချုံးဖော်ပြထားပါသည်။

**ဇယား ၇-၂ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း**

| ထိန်းသိမ်းစောင့်ရှောက်ရေးအမျိုးအစား | | ရည်ရွယ်ချက် | ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း |
|---|---|---|---|
| ပုံမှန် | နေ့စဉ် | လမ်းသန့်ရှင်းရေး | အမှိုက်သရိုက်၊ အပျက်အစီး အကျိုးအပဲ့များ၊ မြေသား၊ ကျောက်ခဲများ စသည် ဖယ်ရှားခြင်း |
| | ၃ လတစ်ကြိမ် | ဆင်ခြေလျှော မြက်ရိတ်ခြင်း | ဆင်ခြေလျှောများရှိမြက်များရိတ်ခြင်း- ကြိမ်နှုန်းမှာ မိုးလေဝသ အခြေအနေများအပေါ် မူတည်ပါသည် |
| | | ရေနုတ်မြောင်း အထောက်အပံ့ပစ္စည်း များ သန့်ရှင်းရေး | လမ်းဘေးမြောင်းများ၊ ရေပြွန်များ စသည်ရှိ အမှိုက်သရိုက်များ၊ အနည်များ ရှင်းလင်းရေး |
| | နှစ်စဉ် | လမ်းခင်းခြင်းရှိ အသေးစားချို့ယွင်းချက် များကို ပြန်လည် ပြုပြင်ခြင်း | လမ်းပေါ်ရှိချိုင့်ခွက်များဖာထေးခြင်း၊ အက်ကွဲကြောင်းများပြန်လည် ပိတ်ဆို့ခြင်းစသည် |
| | | လမ်းအထောက်အပံ့ ပစ္စည်းကိရိယာ ကြံ့ခိုင်မှု | မီးဘုတ်များ၊ လမ်းသင်္ကေတများ၊ လမ်းကြောအမှတ်အသားအပိုင်းများ စသည်ကို ပြန်လည်ပြုပြင်ခြင်း / ပြောင်းလဲတပ်ဆင်ခြင်း |
| ကာလအပိုင်း အခြားအလိုက် | ၁၀ နှစ်တစ်ကြိမ် | လမ်းခင်းခြင်းပြန်လည် ထူထောင်ရေး | ပျက်စီးသွားသောအပေါ်ယံလွှာအား ဖယ်ရှားပစ်ခြင်း/ အသစ်လဲလှယ် အစားထိုးခြင်း |
| အရေးပေါ် | ယာဉ်မတော်တဆမှု/ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်သည့်အချိန် | ပျက်စီးသွားသော အပိုင်းများအား ပြန်လည်ပြုပြင်ခြင်း | လမ်းခင်းခြင်း၊ လမ်းဖွဲ့စည်းပုံ၊ ဆင်ခြေလျှော စသည် ပြန်လည် ပြုပြင်ခြင်း |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

### ၇.၁.၁.၃ လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး (O&M) ကုန်ကျစရိတ်

၄.၁၀.၂. တွင်ဖော်ပြထားသည့်အတိုင်း စီမံချက်လမ်းများ၏ လုပ်ငန်းဆောင်ရွက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကို တစ်နှစ်တစ်ကြိမ် ပုံမှန်ထိန်းသိမ်းစောင့်ရှောက်ရေး (သို့) ၁၀နှစ်တစ်ကြိမ် ကာလအပိုင်းအခြားအလိုက် ထိန်းသိမ်းစောင့်ရှောက်ရေးအဖြစ် အမျိုးအစားခွဲခြားထားပါသည်။ လက်တွေ့ လမ်းပစ္စည်းစီမံခန့်ခွဲရေးပေါ် မူတည်၍ O&M ကုန်ကျစရိတ်ကို ပြန်လည်စီစစ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။ ထို့ကြောင့် O&M ကုန်ကျစရိတ်ခန့်မှန်းချက် အတွက် ယူဆချက်အချို့ကို အောက်ပါအတိုင်း ပြင်ဆင်ထားပါသည်။

- ၁၀ နှစ်အထိ - ပုံမှန် ထိန်းသိမ်းစောင့်ရှောက်ရေး ကုန်ကျစရိတ်
- ၁၀ နှစ်ပြီးနောက်ပိုင်း - ပုံမှန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကာလအပိုင်းအခြားအလိုက် ထိန်းသိမ်းစောင့်ရှောက်ရေး ကုန်ကျစရိတ် ( လမ်းတစ်ခုချင်းစီ၏ အလျားစုစုပေါင်း၏ ၂၀% အပေါ် ထပ်ဆောင်းတင်ခြင်း)

## ၇.၂ လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍ (ဓာတ်အားလိုင်းမှ)

### ၇.၂.၁. စံဒီဇိုင်း

### ၇.၂.၁.၁ ဒီဇိုင်းနှင့် သတ်မှတ်ချက် စံနှုန်းများ

စီမံချက်ငယ်များ၏ အထောက်အပံ့ပစ္စည်းများအတွက် ဒီဇိုင်းနှင့်သတ်မှတ်ချက် စံနှုန်းပုံကြမ်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ လက်ရှိ ရှိနှင့်ပြီးသား အထောက်အပံ့ပစ္စည်းများနှင့် ကိုက်ညီစေရန် အလို့ငှာ ၎င်းဖော်ပြချက်များအား တည်ဆဲ ESE သတ်မှတ်ချက်များနှင့် ဒီဇိုင်းတို့ကိုအခြေခံထားပါသည်။

**(၁) ၆၆ ကီလိုဗို့ / ၃၃ ကီလိုဗို့နှင့် ၆၆ ကီလိုဗို့ / ၁၁ ကီလိုဗို့ ဓာတ်အားခွဲရုံများ**

၆၆ ကီလိုဗို့ဓာတ်အားခွဲရုံတွင် ၆၆ ကီလိုဗို့/၃၃ ကီလိုဗို့နှင့် ၆၆ ကီလိုဗို့/၁၁ ကီလိုဗို့ဟူ၍ နှစ်မျိုးရှိပါသည်။ ၆၆ ကီလိုဗို့ ဓာတ်အားခွဲရုံများ၏ စံပြုအမျိုးအစားမှာ လေလုံဓာတ်အားခွဲရုံ ဖြစ်ပါသည်။ အခြေခံအားဖြင့် ဆိုသော် မြန်မာ့လျှပ်စစ်စွမ်းအင်လုပ်ငန်း (MEPE) သည် ၆၆ ကီလိုဗို့ဓာတ်အားခွဲရုံများကို တည်ဆောက်ပြီး ESE သည် ၎င်းဓာတ်အားခွဲရုံများကို လည်ပတ်စေပြီး ထိန်းသိမ်းစောင့်ရှောက်ပါသည်။ သို့သော်အသေးစား ၆၆ ကီလိုဗို့ဓာတ်အားခွဲရုံများကိုမူ ESE မှ တည်ဆောက်ပါသည်။

**(၂) ၃၃ ကီလိုဗို့ / ၁၁ ကီလိုဗို့ဓာတ်အားခွဲရုံများ**

ပုံ ၇-၉ တွင် ၃၃ ကီလိုဗို့ / ၁၁ ကီလိုဗို့ဓာတ်အားခွဲရုံ၏ စံဒီဇိုင်းကို ဖော်ပြထားပါသည်။ ၃၃ ကီလိုဗို့/ ၁၁ ကီလိုဗို့ဓာတ်အားခွဲရုံ(၁) ခုတွင် ဓာတ်အားပို့ဆောင်ရေး အဝင်တစ်လိုင်း၊ switch bay တစ်စုံနှင့် ထရန်စဖော်မာ တစ်ခု ပါရှိပါသည်။ လေလုံလျှပ်စစ်ဓာတ်အားပို့ဆောင် လွှဲပြောင်းရေးကိရိယာများကို ၃၃ ကီလိုဗို့ လျှပ်စီးပတ်လမ်းများတွင် အသုံးပြုပြီး ၎င်းတို့ကို switch bay ဟု အမည်ပေးထားပါသည်။ ထိန်းချုပ်ရေးအခန်းထဲတွင် ၁၁ ကီလိုဗို့ switchgear ခလုတ်များ တပ်ဆင်ထားပြီး ထရန်စဖော်မာများ၊ မီတာများအတွက် ၃၃ ကီလိုဗို့ အဝေးထိန်းခလုတ်တစ်ခုနှင့် ထပ်ဆင့်လွှင့်ခြင်းများလည်း တပ်ဆင် ထားပါသည်။

ESE မှ စွမ်းအားနည်း ထရန်စဖော်မာ(၅MVA စသည်)ကို တပ်ဆင်သွားသောကြောင့် လျှပ်စစ်ဓာတ်အား မြင့်တက်လာသောအခါ ဓာတ်အားမတန်မဆ ဖြစ်လာပြီး ပို၍ စွမ်းအင်မြင့်သော ထရန်စဖော်မာတစ်ခုနှင့် လဲလှယ်အဆင့်မြှင့်ရသော စီမံချက်ငယ်အချို့ရှိပါသည်။ ဤကဲ့သို့သော ကိစ္စရပ်တွင် ဖယ်ရှားလိုက်သော ထရန်စဖော်မာကို အခြားဓာတ်အားခွဲရုံများသို့ လမ်းကြောင်းလွှဲပြောင်း ပေးရပါသည်။




**ပုံ ၇-၉  ၃၃/၁၁ ကီလိုဗို့ စံဓါတ်အားခွဲရုံ အပြင်အဆင်**

ကိုးကားချက် - ESE

**(၃) ၆၆ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများ**

၆၆ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများသည် မိုးပေါ်ကြိုးလိုင်းများဖြစ်ပြီး လျှပ်ကူးပစ္စည်းများနှင့် ကွန်ကရစ်ဓါတ်တိုင်များ ဖွဲ့စည်းမှုကို ထောက်ပံ့ပေးရန် Aluminium Conductor Steel Reinforced (ACSR) ပါဝင်ပါသည်။ ACSR ၁၈၅$mm^2$ လျှပ်ကူးပစ္စည်းများနှင့် ၁၅မီတာ ကွန်ကရစ်ဓါတ်တိုင်များကို ESE စံနှုန်းများအဖြစ် အများအားဖြင့် အသုံးပြုကြပါသည်။

**(၄) ၃၃ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများ**

၃၃ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများသည် မိုးပေါ်ကြိုးလိုင်းများဖြစ်ပြီး လျှပ်ကူးပစ္စည်းများနှင့် ကွန်ကရစ်ဓါတ်တိုင်များ ဖွဲ့စည်းမှုကို ထောက်ပံ့ပေးရန် Aluminium Conductor Steel Reinforced (ACSR) ပါဝင်ပါသည်။ ACSR ၁၅၀$mm^2$ လျှပ်ကူးပစ္စည်းများနှင့် ၁၂မီတာ ကွန်ကရစ်ဓါတ်တိုင်များကို ESE စံနှုန်းများအဖြစ် အများအားဖြင့် အသုံးပြုကြပါသည်။ ပုံ ၇-၁၀ တွင် ၃၃ ကီလိုဗို့ မိုးပေါ်ကြိုးလိုင်းစံနှုန်း နမူနာများကို ဖော်ပြထားပါသည်။

၃၃ ကေဗွီလိုင်း ၂ တိုင်စင် ဒီဇိုင်းပုံ




၃၃ ကေဗွီလိုင်း ၂ တိုင်စင် ဒီဇိုင်းပုံ




၃၃ ကေဗွီလိုင်း ၁ တိုင်စင် ဒီဇိုင်းပုံ




**ပုံ ၇-၁၀ ၃၃ကီလိုဗို့ ဓါတ်အားပို့ဆောင်ရေးလိုင်းများအတွက် နမူနာ ဓါတ်တိုင်ဒီဇိုင်းများ**

ကိုးကားချက် - ESE

### (၅) ၁၁ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများ

၁၁ ကီလိုဗို့ ဓာတ်အားပို့ဆောင်ရေးလိုင်းများသည် မိုးပေါ်ကြိုးလိုင်းများဖြစ်ပြီး လျှပ်ကူးပစ္စည်းများနှင့် ကွန်ကရစ်တိုင်များ၏ ဖွဲ့စည်းမှုကို ထောက်ပံ့ပေးရန် Aluminium Conductor Steel Reinforced (ACSR) ပါဝင်ပါသည်။ ACSR ၉၅$mm^2$ လျှပ်ကူးပစ္စည်းများနှင့် ၁၀မီတာ ကွန်ကရစ်ဓါတ်တိုင်များကို ESE စံနှန်းများအဖြစ် အများအားဖြင့် အသုံးပြုကြပါသည်။ ပုံ ၇-၁၁ တွင် ၁၁ ကီလိုဗို့ မိုးပေါ်ကြိုးလိုင်းစံနှန်း နမူနာများကို ဖော်ပြထားပါသည်။




**ပုံ ၇-၁၁ ၁၁ကီလိုဗို့ ဓါတ်အားပို့ဆောင်ရေးလိုင်းအတွက် နမူနာ ဓါတ်တိုင်ဒီဇိုင်းများ**

ကိုးကားချက် - ESE

### (၆) ၀.၄ ကီလိုဗို့ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများ

ယခင်က ၄၀၀/ ၂၃၀ ဗို့အားရှိ ဓာတ်အားပို့ဆောင်ရေးလိုင်းများအတွက် Hard Drawn Bare Copper (HDBC) ကြေးနန်းကြိုးကို အသုံးပြုခဲ့သော်လည်း ယခုအခါ Aerial Bundled Cable (ABC) ကို တွင်ကျယ်စွာ အသုံးပြုနေပြီဖြစ်ပါသည်။ ABC သည် အုပ်ထားသောကြေးနန်းကြိုးဖြစ်ပြီး HDBC နှင့် ယှဉ်လျှင် အန္တရာယ် ကင်းရှင်းခြင်း၊ အမှားသက်သာခြင်းနှင့် စက်ပိုင်းဆိုင်ရာ ဆုံးရှုံးမှုစသည် တို့တွင် သိသိသာသာ ကောင်းကျိုးများရှိပါသည်။ ပုံ ၇-၁၂ တွင် ဗို့အားနည်းလိုင်းအတွက် စံနှန်းနမူနာများကို ဖော်ပြထားပါသည်။




**ပုံ ၇-၁၂ ၀.၄ကီလိုဗို့ ဓါတ်အားဖြန့်ဖြူးရေးလိုင်းအတွက် နမူနာဓါတ်တိုင် ဒီဇိုင်းများ**

ကိုးကားချက် - ESE

**(၇) ဖြန့်ချိရေးထရန်စဖော်မာ**

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ၃၃ကီလိုဗို့/၀.၄ကီလိုဗို့ နှင့် ၁၁ကီလိုဗို့/၀.၄ကီလိုဗို့ ဖြန့်ချိရေး ထရန်စဖော်မာများရှိပါ သည်။ ဓါတ်တိုင်ပေါ်တွင်တပ်ဆင်သော ထရန်စဖော်မာများ (၃၃ကီလိုဗို့/၀.၄ကီလိုဗို့ နှင့် ၁၁ကီလိုဗို့/၀.၄ကီလိုဗို့ နှစ်မျိုးလုံး) အတွက် စံနှုန်းနှင့်ကိုက်ညီသည့် တပ်ဆင်ပုံများကို ပုံ ၇-၁၃ တွင်ဖော်ပြထားပါသည်။




( ၃၃ကီလိုဗို့/၀.၄ကီလိုဗို့)




(၁၁ကီလိုဗို့/၀.၄ကီလိုဗို့)

**ပုံ ၇-၁၃ ဓါတ်တိုင်ပေါ်တွင် တပ်ဆင်သော ထရန်စဖော်မာများအတွက် ဓါတ်တိုင်တပ်ဆင်ခြင်းနမူနာများ**

ကိုးကားချက် - ESE

### ၇.၂.၁.၂ သင့်လျော်လိုက်ဖက်သောစံနှုန်းနှင့်ကုတ်နံပါတ်များ

ပရောဂျက်ဒီဇိုင်းကို ကြည့်ခြင်းအားဖြင့် အဆောက်အဦးနှင့် ပစ္စည်းကိရိယာများ၏ လုပ်ဆောင်ချက်ကို IEC ၊ ISO နှင့်အခြားဆက်စပ်နေသော နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီပြုလုပ်ထားသည့်အပြင် မြန်မာနိုင်ငံရှိ လျှပ်စစ်ပစ္စည်းကိရိယာများနှင့်ပါ ညီညွတ်ကိုက်ညီအောင် ဆောင်ရွက်ထားပါသည်။ အတိုင်းအတာယူနစ်များနှင့်ပတ်သက်၍ နိုင်ငံတကာအတိုင်းအတာယူနစ်များ (SI) ကိုအသုံးပြုထားပါသည်။ အသုံးပြုထားသည့် စံချိန်စံညွှန်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ခြင်းအဖွဲ့အစည်း (ISO) - လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ရာတွင်အသုံးပြုထားပါသည်
- နိုင်ငံတကာလျှပ်စစ်နည်းပညာကော်မရှင် (IEC) - ပိုမိုအရေးပါသောလျှပ်စစ်ပစ္စည်းများ၏ စွမ်းဆောင် ရည်အတွက် အသုံးပြုထားပါသည်
- သက်ဆိုင်ရာလျှပ်စစ်ပစ္စည်းတပ်ဆင်ခြင်းနည်းပညာ - လျှပ်စစ်လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးချထားပါသည်

### ၇.၂.၁.၃ အခြေခံလျှပ်စစ်ဒီဇိုင်းဆိုင်ရာ လိုအပ်ချက်နှင့် စံသတ်မှတ်ချက်များ

လျှပ်စစ်ပိုင်းဆိုင်ရာ ကိရိယာများနှင့်ပစ္စည်းများအတွက် ဒီဇိုင်းရေးဆွဲခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်နှင့် စံသတ်မှတ်ချက်များကို ဇယား ၇-၄ နှင့် ဇယား ၇-၅ တွင် ပြသထားပါသည်။

**ဇယား ၇-၃ အခြေခံလျှပ်စစ်ဒီဇိုင်းလိုအပ်ချက်များ**

| အကြောင်းအရာ | ဗို့အားမြင့် | | | ဗို့အားနိမ့် | | DC |
|---|---|---|---|---|---|---|
| | 66kV | 33kV | 11kV | MESC [10]& ESE | အခြားစွမ်းအင်ထုတ်လုပ်မှုအရင်းအမြစ် | |
| သာမန်ဗို့အား | 66kV | 33kV | 11kV | 400/230V | 400/230V | 110V |
| အမြင့်ဆုံးဗို့အား | 72kV | 36kV | 12kV | 440/242V | 440/242V | 116V |
| ဝါယာသွယ်တန်းပုံ | 3 phase 3 wire | | | 3 phase 4 wire | | 2 wire |
| ကြိမ်နှုန်း | 50 Hz | | | | | - |
| ပါဝါအညွှန်းကိန်း | 0.8 to 0.9 lagging | | | | | - |
| မြေစိုက်ကြိုး သွယ်တန်းပုံ | တိုက်ရိုက်ချမြေစိုက်ကြိုး | | | Resistance grounding / ZPT / ZCT | တိုက်ရိုက်ချ မြေစိုက်ကြိုး | - |

ကိုးကားချက် - ESE

**ဇယား ၇-၄ အခြေခံစံနှုန်းသတ်မှတ်ချက်များ**

| အကြောင်းအရာ | ဒီဇိုင်းလိုအပ်ချက် |
|---|---|
| ပင်မထရန်စဖော်မာ | စက်မှုပိုင်းဆိုင်ရာစွမ်းအား - ရုတ်တရက်ရှော့တိုက်ခြင်းလျှပ်စီး x k<br>k သည် IEC 60076 နှင့်အလားတူစံနှုန်း<br>အပူပိုင်းဆိုင်ရာစွမ်းအား - လျှပ်စီးရှော့တိုက်ခြင်းအတွက် 2 စက္ကန့်<br>11kV, 33kV, 66kV တိုက်ရိုက်မြေစိုက်ကြိုးစနစ် |
| လျှပ်ဖြတ် (CB) | စက်မှုပိုင်းဆိုင်ရာစွမ်းအား - x 2.5 သတ်မှတ်လျှပ်စီး<br>အပူပိုင်းဆိုင်ရာစွမ်းအား - 2 စက္ကန့် သတ်မှတ်လျှပ်စီး |
| အမြင့်ဆုံးလျှပ်စီးခံနိုင်အား (အချိန်တို) | CB 11kV---- 25kA, 40kA, 50kA, 80kA |
| မြေစိုက်ကြိုးခံနိုင်ဝန် | 12 နာရီအတွင်း မိုးရွာသွန်းခဲ့မှုမရှိလျှင်<br>10 Ω ထက်နည်းသည်<br>ဓါတ်ခွဲရုံများအတွက် 2 Ω ထက်မနည်းစေရ |
| ဓါတ်တိုင် | 400V: 9m (မြေကြီးအောက် 4.55ft မြှုပ်နှံရန်)<br>11kV: 10m (မြေကြီးအောက် 5ft မြှုပ်နှံရန်)<br>33kV: 12m (မြေကြီးအောက် 6ft မြှုပ်နှံရန်)<br>66kV: 15m (မြေကြီးအောက် 6.5ft မြှုပ်နှံရန်)<br>>66kV and Road crossing: 18m (မြေကြီးအောက် 7ft မြှုပ်နှံရန်)<br>ပစ္စည်း - ခံနိုင်ဝန်နှင့်အရည်အသွေးထောက်ခံချက်လက်မှတ်ရှိသောသံကူအားဖြည့်ကွန်ကရစ်တိုင် |
| မိုးကြိုးလွှဲ | ထောက်ပံ့ရေးဝါယာစနစ် - ၂ ကြိုး၊ ၃ ကြိုး၊ ၄ ကြိုးသွားစနစ် |

[10] မန္တလေးလျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးကော်ပိုရေးရှင်း

| | |
|---|---|
| ကောင်းကင်ကြိုးမိုးကြိုးလွှဲ | IEC 60099 သို့ အလားတူစံနှုန်း - 5kA, 10kA |
| ကာကွယ်ခြင်း | ၁) ထရန်စဖော်မာ (ပင်မ)<br>Differential အချိန်ထိန်းခလုတ်၊ မြေစိုက်ကြိုးအချိန်ထိန်းခလုတ်၊ လျှပ်စီးများအချိန်ထိန်းခလုတ်၊ ဗို့အားနည်းအချိန်ထိန်းခလုတ်၊ အပူချိန်ထိန်းခလုတ်<br>၂) ဖြန့်ချိရေးဓါတ်အားလိုင်း<br>မြေစိုက်ကြိုးအချိန်ထိန်းခလုတ်၊ လျှပ်စီးဖြတ်၊ ဗို့အားမြင့်မြေစိုက်ကြိုး၊ လျှပ်စီးများမြေစိုက်ကြိုး |
| စောင့်ကြည့်ခြင်း | Wh၊ W၊ ပါဝါအချိုး၊ V၊ 3P လျှပ်စီးနှင့်ဗို့အားမီတာတို့ကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရပါမည် |
| ဘေးအန္တရာယ်လုံခြုံရေး စည်းမျဉ်းစည်းကမ်း | ဗို့အားမြင့် ဗို့အားနိမ့် Dielectric ကိရိယာပစ္စည်းများမှ လုံခြုံမှုအကွာအဝေး သတ်မှတ်ခြင်း |
| ကာကွယ်ခြင်းနှင့် လျှပ်ကာခြင်း | ဓါတ်အားခွဲရုံအပါအဝင် လျှပ်စစ်ဖြန့်ဖြူးရေးစနစ်အား အတူတကွ ထိန်းချုပ်ရပါမည် ကာကွယ်ခြင်းနှင့်လျှပ်ကာခြင်းတို့ကို ဓါတ်အားလိုင်းတစ်လိုင်းစီအတွက် ပြုလုပ်ရပါမည် |

ကိုးကားချက် - ESE

## ၇.၂.၂ လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း (O&M) အစီအစဉ်

ESE နှင့် MESC တို့၏ မြို့နယ်အင်ဂျင်နီယာဌာနများမှ တာဝန်ယူ၍ အသစ်ဆောက်လုပ်ထားသော အဆောက်အဦးများ၏ လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်မည်ဟု မျှော်လင့်ရပါသည်။

လက်ရှိတွင် ဓါတ်အားခွဲရုံတိုင်း၌ အင်ဂျင်နီယာများနှင့် လိုင်းပြုပြင်ထိန်းသိမ်းသူများကို ၂၄နာရီအလှည့်ကျ ခန့်ထား၍ ၂၄နာရီဓါတ်အားဖြန့်ဖြူးနိုင်ရန်အတွက် ဆောင်ရွက်ထားပါသည်။ ထိုဓါတ်အားခွဲရုံများကို နေ့စဉ် လှည့်လည်စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးလျက်ရှိပါသည်။ ထို့အပြင် ထရန်စဖော်မာများ၊ CT၊ VT၊ GCB၊ DS နှင့် ES များကို စစ်ဆေးနိုင်ရန်အတွက် သုံးလတစ်ကြိမ် လုပ်ငန်းပိတ်ပြုပြင်ထိန်းသိမ်းခြင်းကို ဆောင်ရွက်လျက် ရှိပါသည်။

လောလောဆယ်တွင် အဆောက်အဦး၏လည်ပတ်အုပ်ချုပ်မှု သတင်းအချက်အလက်များကို စာရွက်စာတမ်း ဖြင့်သာ မှတ်တမ်းတင်၍ စံနမူနာပုံစံလည်းမရှိပါ။ ထို့ကြောင့် အမှားကင်းစင်ရန်နှင့် သေချာကျနစွာ အဆောက်အဦးကို လည်ပတ်အုပ်ချုပ်ရန် ခက်ခဲပါသည်။ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို နေ့စဉ်လှည့်လည် စစ်ဆေးခြင်းမှတ်တမ်း၊ ပုံမှန်စစ်ဆေးခြင်းမှတ်တမ်း အစရှိသည်များအပေါ်မူတည်၍ သေချာကျနစွာ စီမံဆောင်ရွက်သင့်ပါသည်။ ကွန်ပျူတာအခြေပြု အဆောက်အဦးသတင်းအချက်အလက် မှတ်တမ်းများ ထားရှိ၍ ဆောင်ရွက်ခြင်းအားဖြင့် ပြုပြင်ထိန်းသိမ်းမှုစွမ်းဆောင်ရည်ကို တိုးတက်စေနိုင်ပြီး အဆောက်အဦး၏ သတင်းအချက်အလက်များကို လွယ်ကူစွာရှာဖွေအသုံးချနိုင်ပါသည်။ ထို့အပြင် ၎င်းသတင်းအချက်အလက်များအား အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်အဖြစ် အသုံးချနိုင်ပါသည်။ ESE နှင့် MESC မှ အထက်ပါအကြောင်းအရာအား နောက်မှဆုံးဖြတ်ရန် ပြောကြားခဲ့ပါသည်။

ထို့အတူ အဆောက်အဦးဆောက်လုပ်ခြင်းအပါအဝင် အခြားသောနည်းပညာများကို တည်ဆောက်စဉ် ကာလတွင် လွှဲပြောင်းပေးနိုင်လျှင် ပို၍သင့်လျော်ပါသည်။ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ထိုကဲ့သို့သော သင်ကြားပေးမှုများကို တည်ဆောက်စဉ်ကာလတွင် သင်ကြားပေးခြင်း၊ ESE နှင့် MESC ရုံးချုပ်ဝန်ထမ်းများနှင့် ဒေသဆိုင်ရာဝန်ထမ်း များကို လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ဖလှယ်ပေးခြင်းတို့ ပြုလုပ်ရန်လိုအပ်ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုစားရိတ် သက်သာရန်နှင့်

အမှားအယွင်းနည်းပါးစေရန်အတွက် အထက်ပါလုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ရန် စဉ်းစားသင့်ပါသည်။

ESE နှင့် MESC ၏လုပ်ငန်းလည်ပတ်ရန် ဘဏ္ဍာငွေဖြစ်သော လျှပ်စစ်သုံးစွဲမှုအခကြေးငွေကို လစဉ်စာရင်းလုပ် ၍ ကောက်ခံပါသည်။ ပုံမှန်အားဖြင့် ငွေပေးချေခြင်းကို ငွေတောင်းခံလွှာထုတ်သည့်နေ့မှ ၂၅ရက်အတွင်း ပေးချေရပါသည်။ လျှပ်စစ်မီတာခ အချိန်မီမပေးဆောင်သော အသုံးပြုသူများအတွက် လျှပ်စစ်ဖြတ်တောက် အရေးယူခြင်းခံရနိုင်ပါသည်။

## ၇.၃ ရေပေးဝေရေးကဏ္ဍ

### ၇.၃.၁ စံဒီဇိုင်း

စီမံချက်ငယ်များအတွက် လိုအပ်သောအစိတ်အပိုင်းများကို ပုံ ၇-၁၄ မှ ၇-၁၇အတိုင်း အခြေခံအားဖြင့် ခွဲခြား ထားပါသည်။ TDC ၏ မူလအစီအစဉ်အတိုင်း ထည့်သွင်းစဉ်းစား၍ ဖော်ပြပါအစိတ်အပိုင်းများကို ရွေးချယ်ထား ပါသည်။ သို့သော် လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို ကြိုတင်ပြင်ဆင်မှု စစ်တမ်းကာလတွင် ထည့်သွင်းရေးဆွဲထားပါသည်။ TDC များအတွက် မြေအောက်ရေသန့်စင် အဆောက်အဦး (WTP) များ ထည့်သွင်းမရေးဆွဲထားသော်လည်း ထည့်သွင်းတည်ဆောက်သင့်ပါသည်။ ဇယား ၇-၆တွင် အသုံးများသော ရေပေးဝေခြင်းစနစ် ၄မျိုး၏ ဝိသေသလက္ခဏာများကို ဖော်ပြထားပါသည်။




**ပုံ ၇-၁၄ အမျိုးအစား ၁**
**အဝီစိတွင်း + ရေစုပ်စက်ဖြင့်ဖြန့်ဝေခြင်း**
ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၁၅ အမျိုးအစား ၂**
**အဝီစိတွင်း + ကမ္ဘာ့ဆွဲအားဖြင့် ဖြန့်ဝေခြင်း**
ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၁၆  အမျိုးအစား ၃ - မြေပေါ်ရေ WTP + ရေစုပ်စက်ဖြင့်ဖြန့်ဝေခြင်း**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့




**ပုံ ၇-၁၇  အမျိုးအစား ၄ - မြေပေါ်ရေ WTP + ကမ္ဘာ့ဆွဲအားဖြင့်ဖြန့်ဝေခြင်း**

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

**ဇယား ၇-၅ အသုံးများသောစနစ်များ၏ ဝိသေသလက္ခဏာများ**

| အမျိုးအစား | ဝိသေသလက္ခဏာများ |
|---|---|
| အမျိုးအစား ၁ | မြေအောက်ရေကို ဖြန့်ဝေရန်စနစ်ဖြစ်သည်။ မြေအောက်ရေလှောင်ကန်တွင် ရေကိုသိုလှောင်ထားပြီး ရေစုပ်စက်ဖြင့် ဖြန့်ဝေသည်။ ရေစုပ်စက်မှဖိအားဖြင့် ဖြန့်ဝေပြီး ပိုးမွှားသန့်စင်ခြင်းကို ပုံမှန်အားဖြင့် မြေအောက်ရေလှောင်ကန်တွင် ဆောင်ရွက်သည်။ |
| အမျိုးအစား ၂ | မြေအောက်ရေကို ဖြန့်ဝေရန် အခြားစနစ်တစ်ခုဖြစ်သည်။ မြေမျက်နှာပြင်ထက်မြင့်သည့် ရေလှောင်ကန်တွင် ရေကိုသိုလှောင်ထားပြီး ကမ္ဘာ့ဆွဲအားဖြင့် ဖြန့်ဝေသည်။ မြေမျက်နှာပြင်ထက်မြင့်သည့် ရေလှောင်ကန်၏အမြင့်မှ ဖြန့်ဝေရန်ဖိအားကို ရရှိသည်။ ဖြန့်ဝေရန်ဖိအားကို 0.15MPa နှင့်အထက်တွင် ထိန်းထားနိုင်ရန် ခက်ခဲသည့်အတွက်၊ TDC မှ ရေလှောင်ကန်ကို |

| | |
|---|---|
| | 15m (ရေမျက်နှာပြင်အနိမ့်) ထက်မြင့်သည့်နေရာတွင် မထားလိုပါ။ ပိုးမွှားသန့်စင်ခြင်းကို ပုံမှန်အားဖြင့် မြေမျက်နှာပြင်ထက်မြင့်သည့်ရေလှောင်ကန်တွင် ဆောက်ရွက်သည်။ |
| အမျိုးအစား ၃ | မြစ်ရေ၊ မိုးရေအိုင် စသည့် မြေပေါ်ရေများကို ဖြန့်ဝေသည့်စနစ်ဖြစ်သည်။ ပိုးမွှားသန့်စင်ခြင်း အပါအဝင် စုပ်ယူရရှိသည့်ရေကိုသန့်စင်ရန် WTP တွင် ဆောင်ရွက်သည်။ မြေအောက်ရေလှောင်ကန်တွင် ရေကိုသိုလှောင်ထားပြီး ရေစုပ်စက်ဖြင့် ဖြန့်ဝေသည်။ ရေစုပ်စက်မှ ဖိအားဖြင့် ဖြန့်ဝေသည်။ |
| အမျိုးအစား ၄ | မြေပေါ်ရေကို ဖြန့်ဝေရန် အခြားစနစ်တစ်ခုဖြစ်သည်။ မြေမျက်နှာပြင်ထက်မြင့်သည့် ရေလှောင်ကန်များမှ ရေကို ဖြန့်ဝေသည်။ သတ်မှတ်ထားသော ဖြန့်ဝေသည့်ဖိအားကို ကွှမ်ခွဲအားဖြင့် ထိန်းထားရန်လွယ်ကူသည်။ မြေမျက်နှာပြင် ထက်မြင့်သည့် ရေလှောင်ကန်၏အမြင့်မှ ဖြန့်ဝေရန်ဖိအားကို ရရှိသည်။ ဖြန့်ဝေရန်ဖိအားကို 0.15MPa နှင့်အထက်တွင် ထိန်းထားနိုင်ရန်ခက်ခဲသည့်အတွက်၊ TDC မှ ရေလှောင်ကန်ကို 15m (ရေမျက်နှာပြင်အနိမ့်) ထက်မြင့်သည့်နေရာတွင် မထားလိုပါ။ |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့

### ၇.၃.၁.၁ မြေပေါ်ရေသန့်စင်မှုစနစ်

မြေပေါ်ရေအားလုံးကို ဖြန့်ဖြူးခြင်းမလုပ်မီ သန့်စင်မှုလုပ်ရမည်။ သန့်စင်မှုအတွက် ပုံစံ၂မျိုးကို အောက်ပါ ဇယား ၇-၇ တွင် အဆိုပြုထားပါသည်။

**ဇယား ၇-၆ ရေသန့်စင်ခြင်းနည်းစနစ်**

| အကြောင်းအရာ | နည်း ၁ - အလျင်အမြန်စစ်ထုတ်ခြင်း | နည်း ၂ - တဖြည်းဖြည်းစစ်ထုတ်ခြင်း |
|---|---|---|
| အခြေခံပါဝင်သောအရာ | အမှုန်ခဲဆေးရောစပ်ခြင်း၊ အခဲပြင်ပေါ်စေခြင်း၊ အနယ်ထိုင်စေခြင်း၊ သဲဖြင့်အမြန်ရေစစ်ခြင်း | တဖြည်းဖြည်း သဲဖြင့်ရေစစ်ခြင်း (ရေအရည်အသွေး ပေါ်မူတည်၍ ကြိုတင်သန့်စင်ရန် လိုအပ်သည်) |
| အားသာချက် | မြစ်ရေကဲ့သို့ နောက်ကျိနေသောရေအတွက် သုံးနိုင်သည်။ အနည်ထိုင်ရန်အတွက် ဓာတ်ယာကျယ်ကျယ် လိုအပ်သော်လည်း အနည်စစ်ထုတ်ရန်အတွက် ဓရိယာအနည်းငယ်သာလိုအပ်သည်။ | များသောအားဖြင့် ရေနောက်ကျိမှု 10 NTU နှင့်အောက်ဖြစ်ပါက သဲဖြင့်တဖြည်းဖြည်းစစ်ယူရန်သာလိုအပ်သည် (ကြိုတင်သန့်စင်ရန်မလိုအပ်ပါ)။ရိုးရှင်းသောစစ်ထုတ်မှုသာလိုအပ်သည်။ ရေစစ်ဆေးကြောမှု အနည်းငယ်သာလိုအပ်သည်။ |
| အားနည်းချက် | ဆန်းပြားရှုပ်ထွေးစွာလုပ်ဆောင်ရသည်။ နေ့စဥ်ရေစစ်အားသန့်စင်ရန်လိုအပ်သည်။ | ရေစစ်အတွက် ဓရိယာကျယ်ကျယ် လိုအပ်သည်။ အကယ်၍ ရေနောက်ကျိမှု 10NTU နှင့်အထက်ဖြစ်ပါက ကြိုတင်သန့်စင်ရန် လိုအပ်သည်။ |
| သန့်စင်မှုအား | ပုံမှန်အားဖြင့် 120-150m/day | ပုံမှန်အားဖြင့် 4.0-5.0m/day |

ကိုးကားချက် - ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့မှ ပြင်ဆင်တင်ပြသည်

ကြိုတင်ပြင်ဆင်မှုစစ်တမ်းကာလအတွင်း ရေသန့်စင်ခြင်းနည်းစနစ်အတွက် မြို့နယ်စည်ပင်သာယာရေး ကော်မတီနှင့် ကြိုတင်ပြင်ဆင်မှုစစ်တမ်းအဖွဲ့တို့မှ ဆွေးနွေးတိုင်ပင်ပြီး၊ (နည်းစနစ် ၂) တဖြည်းဖြည်း စစ်ထုတ်ခြင်းအား အောက်ပါအချက်များအရ သင့်လျော်ကြောင်း ထောက်ခံဆွေးနွေးခဲ့ကြပါသည် -

- လုပ်ငန်းလည်ပတ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းသည် မြေဧရိယာလိုအပ်ချက်ထက် ပို၍အရေးပါကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ သုံးသပ်ခဲ့သည်။
- စိမ့်စမ်းရေနှင့်မိုးရေကန်များသည် ရေနောက်ကျိမှု 10 NTU ခန့်သာရှိသည့်အတွက် ရိုးရှင်းသော တဖြည်းဖြည်း သဲဖြင့်ရေစစ်ထုတ်ခြင်းနည်းမှာ ပို၍သင့်လျော်ပါသည်။
- မြစ်ရေများအတွက် ကြိုတင်သန့်စင်မှုစနစ်ထားရှိရန် မြို့နယ်စည်ပင်သာယာရေး ကော်မတီများမှ လက်ခံခဲ့သည်။
- စီမံချက်အဆင့် (၁) တွင် တဖြည်းဖြည်းသဲဖြင့်ရေစစ်ခြင်းကို အတည်ပြုခဲ့ပြီး အဆိုပါလုပ်ငန်း လည်ပတ်မှု ရလာဒ်များကို အသေးစိတ်ဒီဇိုင်းရေးဆွဲစဉ်ရရှိနိုင်ပါသည်။ သန့်စင်ခြင်းလုပ်ငန်းစဉ်ကို ဤအဆင့်တွင် အခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲနိုင်ပါသည်။

ကြိုတင်သန့်စင်ခြင်းလုပ်ငန်းအတွက် အနယ်ထိုင်ရေစစ်ခြင်းကို ပဏာမလျာထားပါသည်။ ရေနောက်ကျိမှု အညွှန်းကိန်းများသော မိုးတွင်းကာလများနှင့်သင့်လျော်စေရန် အမှုန်ခဲဆေးရောစပ်သည့် အဆောက်အအုံကို ထည့်သွင်းတည်ဆောက်ရန် အကြံပြုထားပါသည်။ ကရင်ပြည်နယ် ဘားအံမြို့ရှိ ရေသန့်စင်စက်ရုံတွင် ဤစနစ် ကို အသုံးပြုထားပါသည်။ ပုံ ၇-၁၈ တွင် WTP ကိုအခြေတည်သောစနစ် (တဖြည်းဖြည်းသဲဖြင့်ရေစစ်ခြင်း) ကို ဖော်ပြထားပါသည်။






**ပုံ ၇-၁၈ ရေသန့်စင်ရေးအဆောက်အဦး၏နမူနာပုံ**

ကိုးကားချက် - စီမံချက်အဆင့် ၁ (MY-P1) စီမံချက်

### ၇.၃.၁.၂ နောင်လာမည့်ဒီဇိုင်းပုံစံအဆင့်များအတွက် အကြံပြုချက်

#### (၁) ရေသန့်စင်ခြင်းလုပ်ငန်းစဉ်

TDC ဌာနများအားလုံးအတွက် လက်ရှိတွင် ရေစိမ်း၏အရည်အသွေးကို ခွဲခြမ်းစိတ်ဖြာနိုင်ခြင်းမရှိသေးပါ။ အကယ်၍ လုပ်နိုင်သည်ဆိုခဲ့ပါကလည်း ရာသီဥတုအလိုက်ပြောင်းလဲမှုများကို တန်ဖိုးသတ်မှတ်ရန်မှု အချက်အလက်များ မလုံလောက်ပါ။ သန့်စင်ခြင်းလုပ်ငန်းစဉ်ကို အောက်ပါအချက်များပေါ်မူတည်၍ စစ်ဆေးသင့်ပါသည် -

- စီမံချက် အဆင့်(၁)တွင် ဆောက်လုပ်ထားသော ထောက်ပံ့ရေးအဆောက်အဦးနှင့် ပစ္စည်းကိရိယာများလုံလောက်မှု၊ လုပ်ငန်းလည်ပတ်မှုအခြေအနေနှင့် ရေအရည်အသွေး
- စီမံချက်အဆင့်(၁)အပြင် အခြားစီမံချက်များတွင် ဆောက်လုပ်ထားသော ထောက်ပံ့ရေးအဆောက်အဦး နှင့် ကိရိယာပစ္စည်းများလုံလောက်မှု၊ လုပ်ငန်းလည်ပတ်မှုအခြေအနေ
- ရေစိမ်း၏အရည်အသွေးအတွက် အသေးစိတ်အချက်အလက်များ

#### (၂) မြေအောက်ရေသုံးစွဲနိုင်မှုနှင့် အဝီစိတွင်း၏အနက်/အချင်း

လက်ရှိတွင် မြေအောက်ရေသုံးစွဲနိုင်မှုအတွက် မည်သည့်အချက်အလက်မှ မရှိပါ။ ရေရရှိသုံးစွဲနိုင်မှုနှင့် မြေအောက်ရေအလွှာကို လျှပ်စစ်သံလိုက်စနစ်အားအသုံးပြုခြင်းနှင့် နမူနာထုတ်ယူခြင်းတို့ဖြင့် စစ်ဆေးသင့်ပါ သည်။ ၎င်းအပေါ်မူတည်၍ အဝီစိတွင်း၏ဒီဇိုင်း (အနက်၊ အချင်း စသဖြင့်) နှင့် ရေစုပ်တင်နိုင်စွမ်းကို အဆုံးသတ်အတည်ပြုရမည်။

#### (၃) မြေအောက်ရေအရည်အသွေးနှင့် ရေတွင်းကိုသုံးစွဲရန်သင့်လျော်မှု

လက်ရှိတွင် မြေအောက်ရေအရည်အသွေးကို ခွဲခြမ်းစိတ်ဖြာထားသည့် အချက်အလက်များမှာ မလုံလောက်ပါ။ ရေအရည်အသွေး ခွဲခြမ်းစိတ်ဖြာခြင်းကို TDC ဌာနများမှ တာဝန်ယူသင့်သည်။ ရာသီဥတုအလိုက် ပြောင်းလဲမှု များကို သိရှိနိုင်ရန်ခွဲခြမ်းစိတ်ဖြာမှုကို ရာသီအလိုက် ဆောင်ရွက်သင့်သည်။ ရေအရည်အသွေးမှာ သုံးစွဲရန် သင့်လျော်မှုမရှိပါက ဒီဇိုင်းပုံစံကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သင့်သည်။ TDC ဌာနများ၏ နယ်နိမိတ်အတွင်းမှ တူးဖော်ရရှိသော မြေအောက်ရေများကို သေချာစွာ စစ်ဆေးသင့်သည်။

### ၇.၃.၂ လုပ်ငန်းလည်ပတ်ခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်း (O&M) အစီအစဉ်

#### ၇.၃.၂.၁ O&M အတွက် နည်းပညာနှင့် အဖွဲ့အစည်း

TDC များတွင် ရေပေးဝေရေးနှင့် ရေသန့်စင်ရေးအတွက် လုပ်ငန်းအတွေ့အကြုံအနည်းငယ်သာရှိသည်။ ရေသန့်စင်စက်ရုံအဆောက်အဦးနှင့် ပစ္စည်းများအသုံးပြုခြင်းအတွက် အခြေခံလေ့ကျင့်သင်ကြားရေးကို အတိုင်ပင်ခံအဖွဲ့ သို့မဟုတ် ကန်ထရိုက်တာများမှ ဆောက်လုပ်စဉ်ကာလတွင် သင်ကြားပေးရမည်။ လုပ်ငန်း အတွေ့အကြုံနှင့် အသိပညာအပြင် အဖွဲ့အစည်းနှင့် ဝန်ထမ်းအင်အားမလုံလောက်မှု များလည်းရှိသည်။ ထို့ကြောင့် TDC အနေဖြင့် ရေပေးဝေရေးအတွက် သီးသန့်အဖွဲ့အစည်းဖွဲ့စည်း၍ ဝန်ထမ်းအသစ်များခန့်ထား ကာ လုပ်ဆောင်သင့်ကြောင်း အကြံပြုပါသည်။ ထိုအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင်လည်း ၂၄နာရီဝန်ဆောင်မှု ပေးနိုင်ရန် ရည်ရွယ်၍ အဖွဲ့များခွဲကာ လုပ်ဆောင်သင့်ပါသည်။ ဆက်သွယ်မှု ၁၀၀၀တိုင်းအတွက် ဝန်ထမ်း ၅ယောက်ကျထားခြင်းသည် ပျမ်းမျှအဖွဲ့အစည်း ဖွဲ့စည်းပုံဖြစ်ပါသည်။

#### ၇.၃.၂.၂ ဘဏ္ဍာရေး

TDC တွင် ရေပေးဝေရေးအတွက် သီးသန့်ရံပုံငွေမရှိပါ။ TDC ၏ လုပ်ဆောင်ချက်များ (လမ်းဖောက်လုပ်ခြင်း၊ ဒေသတွင်း လျှပ်စစ်ဖြန့်ဖြူးခြင်း၊ အများသုံးအဆောက်အဦးဆောက်လုပ်ခြင်း စသည်) အတွက် ဝင်ငွေ အရင်းအမြစ်များမှာ ကန့်သတ်ချက်ရှိသည့်အတွက် တစ်ခါတစ်ရံ TDC မှ လိုအပ်သည့်ငွေကြေးပမာဏကို ရေအသုံးပြုခအဖြစ် ကောက်ခံသည်။ ရံပုံငွေရရှိမှု ခိုင်မာစေရန် အမှီအခိုကင်းသော ရံပုံငွေစနစ်ကို ထူထောင်ရန် အကြံပြုလိုပါသည်။

အသုံးပြုခကောက်ခံရေးစနစ်အတွက် TDC ဌာနအများစုမှာ အသုံးပြုခကို လစဉ်သတ်မှတ်နှုန်းထားဖြင့် ကောက်ယူလျက်ရှိပြီး ရေမီတာစနစ်ကို အခြေခံထားခြင်းမရှိပါ။ လစဉ်သတ်မှတ်နှုန်းထားစနစ်မှာ ရေအလွန် အကျွံသုံးစွဲမှုကို ဖြစ်ပေါ်စေနိုင်ပြီး ထိရောက်မှုမရှိပါ။ ထို့ကြောင့် ရေမီတာတပ်ဆင်ခြင်းနှင့် စတင် အသုံးပြုခြင်းကို ဤစီမံချက်အတွက် အကြံပြုလိုပါသည်။